နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အခြေပြုမူလတန်း ပြဋ္ဌာန်းကျမ်းစာ
(ဝိနယဘာသာ လူနှင့် သီလရှင်)
လယ်တီဆရာတော်ဘုရားကြီး၏

သုကုမာရဖဂ္ဂဒီပနီ



၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်၌
ရိုက်နှိပ်သည်။

သာသနာ-၂၅၆၀ ကောဇာ-၁၃၇၈ ၂၀၁၆


နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အခြေပြုမူလတန်း ပြဋ္ဌာန်းကျမ်းစာ
(ဝိနယဘာသာ လူနှင့် သီလရှင်)
လယ်တီဆရာတော်ဘုရားကြီး၏


သုကုမာရဖဂ္ဂဒီပနီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်၌
ရိုက်နှိပ်သည်။

သာသနာ-၂၅၆၀ ကောဇာ-၁၃၇၈ ၂၀၁၆





ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၌
ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရှေးရှေးသမိုင်းစဉ်လာ ပျူခေတ်၊ ပုဂံခေတ်ကစ၍ ထေရဝါဒဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓသာသနာတော်သည် ပထမသံဂါယနာတင် အရှင်မဟာကဿပစသော မထေရ်မြတ်ကြီးများ တည်ထောင်ထားရှိပေးခဲ့သော သာသနာဖြစ်သည့်နှင့်အညီ သံဂါယနာ ၆ တန်တင် ပိဋကကျမ်းစာများတွင် လာရှိသည့်ဗုဒ္ဓဓမ္မအဆုံးအမများကို အခြေခံသောသာသနာဖြစ်သည်။ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည့် တရားတော်များကို သက်တော်ထင်ထင် ဘုရားရှင်အလား ဆည်းကပ်ကိုးကွယ်ကြသည်။ ထိုတရားတော်တို့ တည်ရှိပြန့်ပွားကာ နာယူမှတ်သား လိုက်နာ ကျင့်ပွားနေခြင်းအားဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ထွန်းကားနေမည် ဖြစ်ပါသည်။

ထိုသို့ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးတွင် ပရိယတ္တိသာသနာတော်သည် အခြေခံမူလ အဓိကဖြစ်နေသဖြင့် ပရိယတ္တိသာသနာ ပြန့်ပွားစည်ပင်ရေးအတွက်

(ခ) နိဒါန်း

မြန်မာနိုင်ငံတွင် ပရိယတ္တိစာမေးပွဲများကို ရှေးရှေး အစဉ်အလာ အတိုင်း စဉ်ဆက်မပြတ် ကျင်းပပြုလုပ်နေခြင်းဖြစ်ပါသည်။ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူလျက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်ထားသည့်အပြင် တိပိဋကဓရ တိပိဋကကောဝိဒ ရွှေးချယ်ရေးစာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲနှင့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိပါသည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက လည်း ပရိယတ္တိ စာမေးပွဲအသီးသီးတွင် ပညာရေးဗဟိုအဖွဲ့များဖွဲ့စည်းပေးပြီး စာမေးပွဲအသီးသီး၏ ပြဋ္ဌာန်းကျမ်းစာများ၊ စည်းမျဉ်းစည်းကမ်းများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်သတ်မှတ်ပြဋ္ဌာန်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသများ၌ ခေတ်အလျောက် သာမဏေငယ်အသစ် တိုးပွားမှုလျော့နည်းလာခြင်းကြောင့် သာမဏေငယ်များ ကျောင်းနေပျော် စေရန်တွက် ပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်း အဆင့်ကိုလည်း အားပြုပေးမည့် အခြေပြုမူလတန်း စာမေးပွဲထားရှိကျင်းပရေးနှင့် ပတ်သက်၍ ပါဠိပထမပြန်စာမေးပွဲ ဗဟိုအဖွဲ့၏ လျှောက်ထားတင်ပြချက်အရ ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်(၁၄-၇-၂၀၁၆)

ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဧကာဒသမ အစည်းအဝေးက ၁၃၇၈ ခုနှစ်၊ (၂၀၁၇)ခုနှစ် စာမေးပွဲကစ၍ အခြေပြုမူလတန်းကို ကျင်းပသွားရန် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

ယင်းဆုံးဖြတ်ချက်အရ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က ညွှန်ကြားလွှာ အမှတ်(၉၇)၊ ထုတ်ပြန်ထားပြီး အခြေပြုမူလတန်း ပြဋ္ဌာန်းကျမ်းစာများကို အောက်ပါအတိုင်း သတ်မှတ်ပေးထားပါသည်-

(၁) ဝိနယဘာသာ

(က) ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ စုဒ္ဒသခန္ဓကဝတ်-ပါဠိ၊ အနက်၊ အဓိပ္ပာယ်။

(ခ) ဘိက္ခုပါတိမောက်(အစ မှ အနိယတုဒ္ဒေသထိ)-ပါဠိ၊ အနက်၊ ကျမ်းရင်း အဓိပ္ပာယ်။

လူနှင့်သီလရှင်များအတွက်
သုကုမာရမဂ္ဂဒီပနီ (လယ်တီ)

(၂) ကစ္စည်းသဒ္ဒါကြီးဘာသာ

- ကစ္စည်းသဒ္ဒါကြီးသုတ်စဉ်ပါဠိအားလုံး
- သန္ဓိ၊ နာမ်၊ အာချာတ်-သုတ်၊ အနက်၊ ရုပ်တွက်၊ နာမ်ကိုဏ်း။

(ဃ) နိဒါန်း

(၃) အဘိဓမ္မတ္ထသင်္ဂဟဘာသာ

- စိတ်၊ စေတသိက်၊ ပကိဏ်း၊ ရုပ်၊ သမုစ္စည်း သင်္ဂြိုဟ် ၅ ပိုင်း-ပါဠိ၊ အနက်၊ သရုပ်၊ ကျမ်းရင်းအဓိပ္ပာယ်။

(၄) တိကမာတိကာဘာသာ

- ပါဠိ ၊ အနက်၊ အရကောက်။

ပါဠိပထမပြန်စာမေးပွဲ၊ အခြေပြုမူလတန်းပြဋ္ဌာန်းကျမ်းစာဝိနယဘာသာတွင် ရဟန်းသာမဏေများအတွက် ရှင်ကျင့်ဝတ်နှင့် ဘိက္ခုပါတိမောက်ပါရှိပြီး လူနှင့်သီလရှင်တို့အတွက် သုကုမာရမဂ္ဂဒီပနီကို ပြဋ္ဌာန်းထားပါသည်။ ရဟန်းသာမဏေများအတွက် ပြဋ္ဌာန်းသော ဘိက္ခုပါတိမောက်ဘာသာမှာ ဒွေမာတိကာကျမ်းစာ၌ ပါဝင်ပြီးဖြစ်ပါသည်။ ရှင်ကျင့်ဝတ်နှင့် သုကုမာရမဂ္ဂဒီပနီတို့မှာ ပုံနှိပ်မှု အမျိုးမျိုးရှိသကဲ့သို့ အခြေပြုမူလတန်းဖြေဆိုမည့် စာသင်သားများအတွက် ပြဋ္ဌာန်းကျမ်းစာ လိုအပ်ချက်ရှိနေသဖြင့် မူကောင်းမှုမှန်ရရှိရေးနှင့် စာသင်သား လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းနိုင်ရေးအတွက် အခြေပြုမူလတန်းကျမ်းစာ ပြုစုထုတ်ဝေရေးအဖွဲ့က ပြုစုပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူကာ သာသနာရေးဦးစီးဌာန၊ ကမ္မာအေးစာပုံနှိပ်တိုက်က သုကုမာရမဂ္ဂဒီပနီပြဋ္ဌာန်းကျမ်းစာကို ပုံနှိပ်ထုတ်ဝေအပ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိအကျဉ်း

ပရိယတ္တိဝိသာရဒ, ပိဋကတ္တယပါရဂူ, အနေကဂန္ထကာရက ဖြစ်တော်မူသော ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားကြီးသည်ဤ "သူငယ်ကောင်းဖြစ်ရေးလမ်းညွှန်" ခေါ် "သုကုမာရမဂ္ဂဒီပနီ"ကျမ်းကို "အခြေပြုဋီဒ္ဓဘာသာသင်ခန်းစာ"အဖြစ်ဖြင့် ရေးသားစီရင်တော်မူခဲ့ပေသည်။ ဤကျမ်းတွင် ဒီဃနိကာယ်, သီဂီလောဝါဒသုတ်လာ သီဂီလအမည်ရှိသော သူကြွယ်သားကို မြတ်စွာဘုရားရှင် ဟောကြားဆုံးမတော်မူအပ်သော ဂိဟိဝိနယတရားကို လူငယ်များ မှတ်သားရလွယ်ကူစေရန် သံပေါက်လင်္ကာများထည့်သွင်း၍ ရေးသားစီရင်တော်မူခဲ့ပေသည်။

ကျမ်းပြုအကျော် ကျေးဇူးရှင် လယ်တီဆရာတော်

ကျမ်းပြုအကျော် ဘုရားကြီးသည်ကား ဒီပဲရင်းမြို့နယ်၊ စိုင်ပြင်ရွာသား ဇာတိဖြစ်၍၊ အဘ ဦးထွန်းသာ၊ အမိ ဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

(စ) ထေရပ္ပတ္တိအကျဉ်း

နိမိတ်ဖော်ဆောင်

ဖွားမြင်တော်မူပြီးစ မကြာမီ နေအိမ်အနီးရှိ မန်ကျည်းပင်၌ ထောင်၍ထားသော ဝါးလုံးမှ

မောင်တက်ခေါင်

သက်တံပေါက်လာပြီးလျှင် ယင်းသက်တံသည် နေအိမ်ကို လက်ယာရစ်လှည့်ပတ်လျက် အိမ်ခေါင်မှ အထက်ကောင်းကင်သို့ တက်သွားသည်ကို လူအများတွေ့မြင်ကြရသည်ဖြစ်ရာ၊ ယင်းအံ့ဖွယ်သရဲ ထူးကဲသောမင်္ဂလာနိမိတ်ကို အစွဲပြု၍ လယ်တီဆရာတော် လောင်းလျာသူငယ်အား "မောင်တက်ခေါင်" ဟု မှည့်ခေါ်ကြသည်။

ထူးချွန်ထက်လှ ရှင်ဉာဏ

မောင်တက်ခေါင် ၁၀-နှစ်သားအရွယ်တွင် ရွာဦးကျောင်း ဆရာတော် ဦးဓမ္မမဟာထေရ၏ ကြီးထံတွင် အခြေခံ ပုဒ္ဓကျမ်းစာများကို သင်ကြား တတ်မြောက်ခဲ့ကာ၊ သာသနာ့ဘောင်သို့ ရှင်သာမဏေအဖြစ် တက်ရောက်သည့်အခါ ထူးချွန်ထက်မြက်လှသော ဉာဏ်ရှိမှုကို အကြောင်းပြု၍ "ရှင်ဉာဏဓဇ" ဟု ဘွဲ့မည်မှည့်ခေါ်ကြပြန်သည်။

ပထမစာချ မဟာစရိယ

ရှင်ဉာဏဓဇသည် သက်တော် ၂၀-တွင် ရဟန်းဘောင်သို့ တက်ရောက်ပြီးလျှင် မန္တလေးမြို့သို့ကြွရောက်၍ စံကျောင်း ဆရာတော်ဘုရားကြီးထံ ခိုလှုံကာ စာပေကျမ်းဂန်

ဘို့ကို ကြိုးစားအားထုတ်သင်အံ့ခဲ့သည်။ ယင်းသို့ ကြိုးစားအားထုတ်သင်အံ့ခဲ့သဖြင့် ပိဋကကျမ်းစာ, ပေစာတို့ကို အခြေခိုင်ခိုင် ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်တော်မူခဲ့ပြီး သည့်နောက် ပထမ စာချဆရာတော် [ဆန်ထောက်တော်ရွာ အဖြစ်ဖြင့် တပည့် ရဟန်းငယ်များအား စာပေကျမ်းဂန်များကို ပြန်လည်၍ သင်ကြားပို့ချပေးတော်မူခဲ့သည်။

သက္ကရာဇ် ၁၂၄၈-ခုနှစ်တွင် မန္တလေးမြို့မှ လယ်တီဆရာတော် မံရွာမြို့သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူကာ ဟိုးဟိုးကျော် "လယ်တီကျောင်းတိုက်ကြီး"ကို စတင် တည်ထောင်တော်မူခဲ့သဖြင့် "လယ်တီဆရာတော်" ဟူ၍ ထင်ရှားကျော်ကြားလာခဲ့သည်။ ယင်း "လယ်တီကျောင်းတိုက်ကြီး"တွင် အနယ်နယ် အရပ်ရပ်မှ လာရောက် ပညာသင်ကြားကြသော တပည့်သံယာတော်များအား ပါဠိအဋ္ဌကထာဋီကာ အစရှိသော ပရိယတ္တိကျမ်းဂန်စာပေတို့ကို သင်ကြားပို့ချပေးတော်မူခဲ့သည့်အပြင်၊ ဒကာ, ဒကာမ အပေါင်းတို့အား တရားဒေသနာများ ဟောကြားခြင်း၊ ပါဠိဘာသာ မြန်မာဘာသာတို့ဖြင့် ဒီပနီ, ဝိနိစ္ဆယ, သံခိပ်, ပါဠ်-နိဿယ, ပုစ္ဆာဝိဿဇ္ဇနာ, ဝိသောခနီအစရှိသော ကျမ်းပေါင်း များစွာတို့ကို ရေးသားပြုစုတော်မူခြင်း၊ မြန်မာပြည် မြို့ရွာအရပ်ရပ်သို့ လှည့်လည်၍

(၄) ထေရုပ္ပတ္တိအကျဉ်း

တရားဟောကြားခြင်း၊ မေးလာသမျှသော အမေးပုစ္ဆာတို့ကို ရှင်းလင်း ဖြေကြားတော်မူခြင်းတို့ကြောင့် လယ်တီဆရာတော် ဘုရားကြီး၏ ဂုဏ်သတင်းမှာ မြန်မာပြည်၌သာမက အာရှ-ဥရောပတစ်ခွင်သို့ပင် ပျံ့နှံ့ကျော်ကြားတော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ဘွဲ့ရ

သက္ကရာဇ် ၁၂၇၃-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကြီး"ကို လယ်တီဆရာတော် ဘုရားကြီးအား မြန်မာပြည်၌ အဦးဆုံး ဆက်ကပ်ခဲ့၍၊ ၁၂၈၃-ခုနှစ်တွင် "ဒီလစ် [ကျမ်းတတ်ပါရဂူ]ဘွဲ့တံဆိပ်တော်ကြီး"ကို ရန်ကုန်တက္ကသိုလ် ကျောင်းတိုက်ကြီးက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် သက်တော် ၇၇ နှစ် အရောက်၊ ၁၂၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ပျဉ်းမနားမြို့၌ ဘဝနတ်ထံ ဝင်စံတော်မူခဲ့ပေသည်။

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	သုကုမာရမဂ္ဂဒီပနီ	
၁။	သိဂ်ီလောဝါဒသုတ် နိဒါန်း	... ၁
၂။	ဥဒ္ဒေသသံပေါက်-၁၁	... ၅
၃။	နိဒ္ဒေသသံပေါက်-၂၈	... ၆
၄။	ကမ္မကိလေသတရား ၄-ပါး	... ၁၀
၅။	အဂတိတရား ၄-ပါး	... ၁၁
၆။	ပျက်စီးကြောင်းတရား ၆-ပါး	... ၁၂
၇။	ယစ်မျိုးသောက်စားမှု အပြစ် ၆-ပါး	... ၁၄
၈။	ညအခါလမ်းလျှောက်မှု အပြစ် ၆-ပါး	... ၁၅
၉။	ပွဲလမ်းသဘင်ကြုံးမှု အပြစ် ၆-ပါး	... ၁၇
၁၀။	လောင်းကစားကြုံးမှု အပြစ် ၆-ပါး	... ၁၈
၁၁။	ပျင်းရိခြင်း အပြစ် ၆-ပါး	... ၁၉
၁၂။	မိတ်မကောင်းနှင့်ပေါင်းဖော်ခြင်း ၆-ပါး	... ၂၀
၁၃။	မိတ်ဆိုး-မိတ်တု ၄-ယောက်	... ၂၂
၁၄။	မိတ်ကောင်း-မိတ်စစ် ၄-ယောက်	... ၂၈

(ည) မာတိကာ

၁၅။ အရပ်ဒီသာ ၆-မျက်နှာ ... ၃၂
၁၆။ အရပ်ဒီသာ ၆-မျက်နှာကို ရိုသေစွာရှိခိုးမှု ... ၃၃
(က) သားသမီးတို့က ပြုရာသောဝတ် ၅-ပါး ... ၃၃
(ခ) မိဘတို့က ပြုရာသော ဝတ် ၅-ပါး ... ၃၄
(ဂ) တပည့်တို့က ပြုရာသော ဝတ် ၅-ပါး ... ၃၄
(ဃ) ဆရာသမားတို့က ပြုရာသော ဝတ် ၅-ပါး ... ၃၆
(င) လင်ယောကျ်ားတို့ကပြုရာသောဝတ် ၅-ပါး ... ၃၇
(စ) အိမ်သူမယားတို့က ပြုရာသောဝတ် ၅-ပါး ... ၃၇
(ဆ) အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က
ပြုရာသော ဝတ် ၅-ပါး ... ၃၈
(ဇ) အဆွေခင်ပွန်းတို့က ပြုရာသောဝတ် ၅-ပါး ... ၃၉
(ဈ) အရှင်ဖြစ်သူက ပြုရာသော ဝတ် ၅-ပါး ... ၄၀
(ည) ကျွန်အမှုလုပ်တို့က ပြုရာသောဝတ် ၅-ပါး ... ၄၁
(ဋ) ဒါယကာတို့ကာ ပြုရာသော ဝတ် ၅-ပါး ... ၄၂
(ဌ) ရသေ့ရဟန်းတို့က ပြုရာသော ဝတ် ၆-ပါး... ၄၃
၁၇။ ဒုစရိုက် ၁၀-ပါး- သုစရိုက် ၁၀-ပါး ... ၄၇
၁၈။ ဩကာသဆိုရပုံ ... ၅၃
၁၉။ နမော တဿ ပါဠိ၊ အနက် ... ၅၅
၂၀။ သရဏာဂုံ ပါဠိ၊ အနက် ... ၅၅
၂၁။ ၅-ပါးသီလ ပါဠိ၊ အနက် ... ၅၆

၂၂။ ၈-ပါးသီလ ပါဠိ၊ အနက် ... ၅၈
၂၃။ သုစရိုက် ၁၀-ပါး ပြဆိုပုံ ... ၆၀
၂၄။ ပုညကြိယာဝတ္ထု ၁၀-ပါး ... ၆၁
၂၅။ ပါရမီ ၁၀-ပါး ... ၆၂
၂၆။ ဗြဟ္မဝိဟာရတရား ၄-ပါး, ဗောဓိ ၃-ပါး ... ၆၃
၂၇။ ဘုရားဂုဏ်တော် ၉-ပါး ... ၆၄
၂၈။ တရားဂုဏ်တော် ၆-ပါး ... ၆၇
၂၉။ သံဃာဂုဏ်တော် ၉-ပါး ... ၆၉
၃၀။ ယောက်ျားကလေးများ ဆုတောင်း ... ၇၃
၃၁။ မိန်းကလေးများ ဆုတောင်း ... ၇၅
၃၂။ သတိပြုရန်အချက်များ ... ၇၇
၃၃။ နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက် ... ၈၁
၃၄။ ပရိတ်ရွတ်နည်း ... ၈၂
၃၅။ နိဂုံး ... ၈၃
၃၆။ ခုနစ်နေ့ဘုရားရှိခိုးနှင့် ဆုတောင်းအမျှဝေ ... ၈၄

သုကုမာရမဂ္ဂဒီပနီ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

သိဂ်ီလောဝါဒသုတ်

နိဒါန်း

လူသုံးပါးတို့၏ ပတ္တမြားမကိုင့် အမြိုက်ဥသျှောင် မင်း ခေါင်မင်းဖျား မင်းတရားကြီး ဖြစ်တော်မူသော အစိန္တေယျ သုံးလူ ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် တစ်ရံရောအခါ ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော်မူသတည်း။

ထိုအခါ သိဂ်ီလ အမည်ရှိသော သူကြွယ်သားသည် နံနက်စောစောထလျက် ရာဇဂြိုဟ်မြို့တွင်းမှထွက်၍ စိုစွတ်သော အဝတ်, စိုစွတ်သော ဦးဆံ, မြှောက်ချီသောလက်အုပ်ရှိသည်

ဖြစ်၍ အရှေ့အရပ်, တောင်အရပ်, အနောက်အရပ်, မြောက်အရပ်, အောက်အရပ်, အထက်အရပ် တည်းဟူသော အရပ် ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးလျက်နေလေ၏။

မြတ်စွာဘုရားသည် နံနက်အခါ၌ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်အံ့သောငှာ ဝေဠုဝန်ကျောင်းတော်မှထွက်၍ ရွှေစက်နှစ်လီ ကြွချီတော်မူလတ်သော် အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုး၍နေလေသော သူကြွယ်သားကို မြင်တော်မူလတ်၍ သူကြွယ်သားကို ဤသို့ မိန့်တော်မူ၏။

မိန့်တော်မူပုံ "သိဂီလ-ဟု နာမထင်ရှား သူကြွယ်သား... သင်သည် စိုစွတ်သောအဝတ်, စိုစွတ်သောဦးဆံ, မြောက်ချိသော လက်အုပ်ရှိသည်ဖြစ်၍ အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးသည်ကား အကြောင်းအသို့နည်း"ဟု မေးတော်မူလေ၏။

ထိုအခါ သိဂီလ အမည်ရှိသော သူကြွယ်သားက ဤသို့ နားတော်လျှောက်၏။

လျှောက်ထားပုံ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သင့္ဘည ဘုရားမြတ်စွာဘုရား... အကျွန်ုပ်၏ အဘဖြစ်သူသည် ဘဝတစ်ပါး ပြောင်းသွားသေလွန်မည်ရှိရာ အကျွန်ုပ်ကို ခေါ်၍ 'ငါ၏သားကြီး-ချစ်မငြီး.. အရပ်ဒိသာ ၆-မျက်နှာတို့ကို

ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရစ်လော့'ဟု အဆုံးစွန်စကားကို မှာကြားခဲ့ပါသည်။ ထိုအကြောင်းကြောင့် အဘမှာကြားခဲ့သော အဆုံးစွန်စကားကို လေးစား ကြည်ညိုပူဇော်လို၍ စိုစွတ်သော အဝတ်, စိုစွတ်သော ဦးဆံ, မြောက်ခြိသော လက်အုပ်ရှိသည်ဖြစ်၍ အကျွန်ုပ်သည် အရပ်ဒသာ ၆ မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးရပါကြောင်းနှင့်" လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

"သိဂီလ-ဟု နာမထင်ရှား သူကြွယ်သား မိန့်တော်မူပုံ အရပ်ဒသာ ၆-မျက်နှာကို ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရစ်လော့-ဟု အဆုံးစွန်စကား သင့်အဘ မှာကြားသော အရာသည် ရှေ့နောက်,တောင်,မြောက်, အောက်, အထက်-ဟူသော အရပ်ဒသာ ၆-မျက်နှာတို့ကို မှာကြားလိုသည်မဟုတ်၊ ငါဘုရား၏ သာသနာမှာလည်း အရပ်ဒသာ ၆-မျက်နှာရှိသည်၊ ထိုအရပ် ၆-မျက်နှာကို ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရမည်-ဆိုသည်မှာလည်း လက်အုပ်ချီမိုး၍ ရှိခိုးသည်ကို မှာဆိုခဲ့သည်မဟုတ်"ဟု မိန့်တော်မူလေ၏။

ထိုအခါ သိဂီလ သူကြွယ်သားက ဤသို့ နားတော်လျှောက်၏။

လျှောက်ထားပုံ

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား. . . . အရပ်ဒသာ ၆-မျက်နှာဆိုသည်ကား-အဘယ်သို့ ဆိုလိုပါသနည်း ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရမည် ဆိုသည်ကား-အဘယ်သို့ ပြုသည်ကို ဆိုလိုပါသနည်း၊ ဤအရာကို မလိမ္မာသူ အကျွန်ုပ်အား ကရုဏာရှေ့ထား၍ ဟောကြားတော်မူပါ"ဟု လျှောက်ထားတောင်းပန်ပြန်လေ၏။

ထိုအခါ အိမ်၌နေသူ လူ-ဂဟဋ္ဌ အပေါင်းတို့အား လူကောင်းစင်စစ် ဖြစ်ဖို့အမှန် ကြဉ်ရှောင်ရန်တရား တစ်ဆယ့်လေးပါးနှင့်တကွ သူကြွယ်သား တောင်းပန်ချက်ကို ဆက်လက်ထုတ်ဖော် ဟောကြားတော်မူပေသတည်း။

[အမိ, အဘစသည်ကို အရပ်ဒသာ ၆-မျက်နှာဆိုသည် အမိဝတ် အဘဝတ်စသည်ကို နေရာတကျ ပြုမူသည် အရပ်ဒသာ ၆-မျက်နှာကို ရှိခိုခြင်းမည်၏ဟု အကျဉ်းမှတ်လင့်။]

နိဒါန်းပြီး၏။

ဥဒ္ဒေသသံပေါက်-၁၁

[ယခုအခါ ဒီဃနိကာယ် သိဂီလောဝါဒသုတ်၌ သိဂီလအမည်ရှိသော ထိုသူကြွယ်သားအား မြတ်စွာဘုရားသည် ဟောကြားဆုံးမတော်မူအပ်သော ဂိဟိဝိနယတရားကို သံပေါက်လက်ာဖြင့် ကောင်းစွာဖော်ပြပေအံ့။]

၁။ သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ နှုတ်ထွက်မမှန်ငြား။

၂။ လေးတန်ညစ်ကျူး။ မကောင်းမှု၊ မပြုကြဉ်ရှောင်ရှား။

၃။ ချစ်,မုန်း, ကြောက်မှု၊ မသိမှု၊ လေးခုအလိုက်မှား။

၄။ အဂတိလေး ကင်းစင်ဝေး၊ ပြုရေးမှန်ဖြောင့်သား။

၅။ ယစ်မျိုးသောက်ကြူး၊ သဘင်ကြူး၊ လောင်းကြူးညဉ့်လည်မျှား။

၆။ မိတ်ဆွေ မကောင်း ပျင်းအားကောင်း၊ အကြောင်း ဤခြောက်ပါး

၇။ ဥစ္စာမွဲရေး၊ မြန်မနှေး၊ ဝေးစွာကြဉ်ရှောင်ရှား။

၈။ မာတာပိတာ၊ ရှေ့ဒိသာ၊ ဆရာတောင်ရပ်ငြား။

၉။ သားမယားလျှင် အနောက်ခွင်၊ မိတ်သင်မြောက်အလား။

၁၀။ ကျွန်ကျေးအောက်ဟူ၊ အထက်မူ၊ သူမြတ်ရဟန်း ပုဏ္ဏား။

၁၁။ အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံစွာဆို့ပိတ်ထား။

ဥဒ္ဒေသသံပေါက် ၁၁ ပြီး၏။

နိဒ္ဒေသသံပေါက်-၂၈

၁။ ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ မျှားတုံရောဂါစု။
သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု။
ယစ်မျိုးကြူးငြား၊ သူတို့အား ခြောက်ပါးအပြစ်ရှု။

၂။ မိမိသား, မယား၊ ဥစ္စာအား၊ သုံးပါးအစောင့်ဝေး။
မသက်ာဖွယ်၊ မှုရောက်လွယ်၊ သွယ်သွယ်ဒုက္ခရှေး။
ညဉ့်လမ်းလျှောက်သူ၊ မတော်လူ၊ ပြစ်မှုခြောက်ပါးထွေး။

၃။ ကခြင်း, သီခြင်း၊ တီးမှုတ်ခြင်း၊ သာချင်းဇာတ်ဝတ္ထု။
လက်ခုပ်အိုးစည်၊ သဘင်လည်၊ ခြောက်မည်အပြစ်စု။

၄။ နိုင်သူမှာရန်၊ ရှုံးပူပန်၊ အမြန်ဥစ္စာပြုန်း။
ပွဲလယ်စကား၊ မတည်ငြား၊ ထိမ်းမြားပယ်ရိုးထုံး။
မျိုးဆွေနှိပ်စက်၊ အံကြူးနက်၊ ခြောက်ချက်အပြစ်နှုန်း။

၅။ အံကြူး, ထိကြူး၊ ယစ်မျိုးကြူး၊ သုံးဦးလူပျက်မျိုး။
လိမ်လည်နှစ်ပါး၊ ခိုးသား, ဓားပြ၊ ဤခြောက်ဝ ပါပ မိတ်ဆွေမျိုး။

၆။ အေးသည်, ပူသည် မိုးချုပ်သည်နှင့်၊ စောသည်, ဆာသည်၊ ပြည့်အင့်သည်၊ ခြောက်မည် လူပျင်းမျိုး။

၇။ ယူမိတ်, နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ်-မိတ်တူလေး။

ရန်သူမိတ်ဆွေ၊ ဤလေးထွေ။ ရှောင်လေ ကင်း စင်ဝေး။

၈။ ပြုမိတ်, တူမိတ်၊ ဆရာမိတ်၊ ညှာမိတ်-မိတ်စစ်လေး။

ချစ်ဖော်မိတ်ဆွေ၊ ဤလေးထွေ၊ မကွေပေါင်းဖို့ရေး။

၉။ မွေးတုံမွေးမှု၊ ပြုဖွယ်ပြု။ ကုလမျိုးနွယ်တည်။

ဆက်ခံအမွေ၊ သေလွန်ပေ၊ မျှဝေ ဝတ်ငါးမည်။

၁၀။ မကောင်းမြစ်တား၊ ကောင်းရာထား၊ သင်ကြားတတ်ပညာ။

လျော်ရာအိမ်ပေး၊ အမွေပေး ကျင့်ရေး ဝတ်ငါးဖြာ။

၁၁။ ထကြွ, ခစား၊ ကြားနာ, လုပ်ကျွေး၊ သင်အံ့မေး၊ ကျင့်ရေးဝတ်ငါးဖြာ။

၁၂။ ယဉ်ကျေးစေမှု မှတ်စေမှုနှင့်၊ တတ်မှုမချန်၊ ပြန်၍ဆောင်နှင်း၊ ဘေးကင်းစေမှု၊ ဝတ်ငါးခု၊ ပြုလေမြတ်ဆရာ။

၁၃။ မပေါ့စားမှု နာဖွယ်မှုနှင့်၊ သူ့ကိုမကျူး၊ စိုးမှုးလွဲထား၊ ဝတ် စားဆင်ယင်၊ ဤငါးအင်၊ လင်တို့ပြုစမြဲ။

၁၄။ အိမ်ရေးတွင်ကျယ်၊ အိမ်ဝယ်လူပေါင်း၊ ကောင်းသားပြုအင်၊ စင်ကြယ်သီလ၊ ဓနစောင့်ထိန်း၊ မပြိန်းမပျင်း၊ အရင်းတရား၊ ဝတ်ငါးပါး၊ မယားပြုစမြဲ။

၁၅။ ပေးဝေမျှတ၊ ပိယနှုတ်ခို့၊ ကျိုးလိုကျင့်မူ၊ ကိုယ်တူပြုခြင်း၊
မချွတ်ယွင်းစေ၊ ဤငါးထွေ၊ မိတ်ဆွေကျင့်ဝတ်မျိုး။

၁၆။ အသက်, ဥစ္စာ၊ နှစ်ဖြာစောင့်ရှောက်၊ ကြောက်လျှင်ကြပ်မ၊
တူကွဘေးတွင် သားစဉ်, မြေးဆက်၊ မြတ်နိုးချက်၊ မိတ်ဖက်
ဝတ်ငါးမျိုး။

၁၇။ အားတန်ခိုင်းစေ၊ ကျေအောင်ပေးကျွေး၊ နာရေးပြုငြား
အစားကောင်းမျှ၊ လွတ်သင့်ကလွတ်၊ ကျင့်ဝတ်တရား၊
ဤငါးပါး၊ မှတ်သားအရှင့်ဝတ်။

၁၈။ အရင်ထမြောက်၊ နောက်မှအိပ်ရေး၊ ပေးမှလည်းယူ
ပြုမူကောင်းတုံ၊ ဂုဏ်ကိုပြောကြား၊ ဤငါးပါး၊ မှတ်သား
ကျွန်တို့ဝတ်။

၁၉။ မေတ္တာသုံးပါး၊ တံခါးဟင်းလင်း၊ ကျွေးမွေးခြင်း၊ ငါးသင်း
လူတို့ဝတ်။

၂၀။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်ကြား၊ သနားစိတ်နှူး၊
မကြားဖူးက၊ ပြသသွန်သင်၊ ကြားဖူးလျှင်မူ၊ ချဲ့ထွင်ခွဲခြမ်း၊
နတ်လမ်းရှင်းလင်း၊ ဖော်ပြခြင်း၊ ခြောက်သင်းရှင်တို့ဝတ်။

၂၁။ ဆောင်ဖို့ဃာခဲ၊ အနဲပေးမူ၊ အမှားယူ၊ ကြောက်မူလာ၍ကပ်။
သက်သက်ကိုယ်ကျိုး၊ ငဲ့သူမျိုး၊ မိတ်ဆိုးအညဒတ်။

၂၂။ အတိတ်, နာဂတ်၊ မိတ်စေ့စပ်၊ နိရတ်ချီးပင့်မ၊
အကြောင်းရှိသော်၊ ဒုက္ခဖော်၊ လေးပေါ်ဝစီပရမ။

၂၃။ မကောင်းလိုက်လျော၊ ကောင်းလိုက်လျော၊ ကောင်းပြော
ရွှေ့တွင်သာ။
မျက်ကွယ်ဆိုးမှု၊ အင်လေးခု၊ အနုပိယသာ။

၂၄။ ယစ်မျိုးသောက်ခန်း၊ လမ်းလျှောက်ခန်း၊ ပွဲလမ်းတစ်ဌာန။
ကစားမှုဝယ်၊ မိတ်ဖော်နွယ်၊ အပါယ်သဟာယ။

၂၅။ အသက်ဥစ္စာ၊ စောင့်ရှောက်လာ၊ ကြောက်ခါကယ်ဖော်ရ။
ကုဖွယ်ရှိမှု၊ တပိုးကူ၊ စင်ဖြူ။ ဥပကာရ။

၂၆။ လျှို့ဝှက်မရှိ၊ လျှို့ဝှက်ဘိ၊ ဘေးရှိမစွန့်လေ။
မိတ်အတွက်မှန်၊ သက်မချန်၊ သမာန်မိတ်ကြီးပေ။

၂၇။ မကောင်းမြစ်တား၊ ကောင်းရာထား၊ ဟောကြားသိဖို့ရာ။
နတ်လမ်းပြည့်ဆန်၊ ဤလေးတန်၊ အမှန်အတ္ထကွာ။

၂၈။ မပွားလျှင်စိုး၊ ပွားလျှင်ဖြိုး၊ ကျိုးမဲ့ပြောမခံ။
အကောင်းပြောလျှင်၊ မနောရွှင်၊ မိတ်သင်အနုကံ။

နိဒ္ဒေသသံပေါက်-၂၈ ပြီး၏

၁-၂-ဥဒ္ဒေသသံပေါက်အဓိပ္ပါယ်

ကမ္မကိလေသတရား ၄-ပါး

အကျဉ်းသံပေါက် လက််၏ အဓိပ္ပါယ်သရုပ်ကို ထုတ်ပြပေအံ့။

၁။ **ပါဏာတိပါတ**=သန်းဥ, ကြမ်းပိုးဥ-မှစ၍ အသက်ရှိသူ လူ, တိရစ္ဆာန် သတ္တဝါမှန်သမျှကို သတ်ဖြတ် ညှဉ်းဆဲခြင်းတစ်ပါး။

၂။ **အဒိန္နာဒါန**= သူတစ်ပါးတို့ ပိုင်ဆိုင်သော ဥစ္စာကို အနိုင်အထက်နှိပ်စက်ခြောက်ခြိမ်း တောင်းရမ်းခဲခန့်၍ယူခြင်း၊ သူခိုး, ဓားပြတို့ကဲ့သို့ ခိုးဝှက်တိုက်ခိုက်၍ယူခြင်း၊ အမျိုးမျိုးသော လိမ်လည်နည်းတို့ဖြင့် လိမ်လည်၍ယူခြင်း၊ အမျိုးမျိုးသော စဉ်းလဲနည်းတို့ဖြင့် စဉ်းလဲ၍ယူခြင်းတစ်ပါး။

၃။ **ကာမေသုမိစ္ဆာစာရ** = ယောကျ်ားတို့မှာ မလွန်ကျူးအပ်သော နှစ်ကျိပ်သော မိန်းမတို့၌ ကျူးလွန်ခြင်း၊ လင်ရှိသော မိန်းမတို့မှာ မိမိလင်မှ တစ်ပါးသောယောကျ်ားများနှင့် ပေါင်းဖော်ခြင်းတစ်ပါး။

၄။ **မုသာဝါဒ**=မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း တစ်ပါး။

ဤ ၄-ပါးတို့ကို လောကဌ် လူဆိုးလူညစ်တို့ ပြုကြသော အမှုမျိုးဖြစ်၍ ကမ္မကိလေသတရား ၄-ပါးဟူ၍ခေါ်၏။ လူဖြစ်သောသူသည် လူဆိုးလူညစ် မဖြစ်ရအောင် ဤကမ္မ

ကိလေသတရား ၄-ပါးတို့မှ အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည်-ဟူ၍ ဟောတော်မူ၏။

သည်ကိုရည်၍-

* သက်သတ်,ခိုးဝှက်၊ အိမ်ရာဖျက်၊ နှုတ်ထွက် မမှန်ငြား။
* လေးတန်ညစ်ကျူး၊ မကောင်းမှု၊ မပြုကြဉ်ရှောင်ရှား။

ဟူ၍စပ်ဆိုခဲ့ပေသည်။

ကမ္မကိလေသ တရား ၄-ပါးပြီး၏။

၃-၄-ဥဒ္ဒေသသံပေါက် အဓိပ္ပာယ်

အဂတိတရား ၄-ပါး

၁။ **ဆန္ဒာဂတိ**=လူမျက်နှာကို သော်လည်းကောင်း, တံစိုးလက်ဆောင်ကိုသော်လည်းကောင်း၊ ငဲ့ကွက်သည့် အတွက်ကြောင့် မတော်မတရားသောအမှုကို ပြုခြင်းတစ်ပါး။

၂။ **ဒေါသာဂတိ**=မုန်းသည့်အတွက်ကြောင့် မတော်မတရားသောအမှုကို ပြုခြင်းတစ်ပါး။

၃။ **ဘယာဂတိ**=ကြောက်သည့် အတွက်ကြောင့် မတော်မဟုတ်သောအမှုကို ပြုခြင်းတစ်ပါး။

၄။ **မောဟာဂတိ=**တရားလမ်းမှန်ကို မသိသည့် အတွက်ကြောင့် မတော်မတရားသောအမှုကို ပြုခြင်းတစ်ပါး။

ဤ ၄-ပါးတို့ကို မိမိကိုယ်၏ စင်ကြယ်ခြင်းကို အလေးမပြုကြသော လူယုတ်လူညံ့တို့၏ မသင့်မလျော် မတော်မတရားသော လိုက်စားမှုမျိုးဖြစ်၍ အဂတိတရား ၄-ပါးဟူ၍ ခေါ်၏။ လူဖြစ်သောသူသည် သူယုတ်သူညံ့မဖြစ်ရလေအောင် ဤအဂတိ ၄-ပါးတို့မှ အသက်ထက်ဆုံးလွတ်ကင်းအောင် ကြဉ်ရှောင်ရမည်-ဟူ၍ ဟောတော်မူ၏။

သည်ကိုရည်၍-

* ချစ်, မုန်း, ကြောက်မှု၊မသိမှု၊ လေးခုအလိုက်မှား။
* အဂတိလေး၊ ကင်းစင်ဝေး၊ ပြုရေးမှန်ဖြောင့်သား။

ဟူ၍စပ်ဆိုခဲ့ပေသည်။

အဂတိတရား ၄-ပါး ပြီး၏။

၅-၆-၇-ဥဒ္ဒေသသံပေါက် အဓိပ္ပါယ်
ပျက်စီးကြောင်းတရား ၆-ပါး

၁။ **သုရာမေရယမဇ္ဇပါန=** သေရည်မျိုး, သေရက်မျိုး, ယစ်မျိုး သောက်စားခြင်းတစ်ပါး။

၂။ ဝိကာလဝိသိခါစရိယာ= ညအခါ၌လမ်းလျှောက်လေ့ရှိခြင်းတစ်ပါး။

၃။ သမဇ္ဇာဘိစရဏာ=ပွဲလမ်းသဘင် ပျော်ရွှင်လိုက်စားကြူးခြင်းတစ်ပါး။

၄။ ဇူတပပမာဒဋ္ဌာန=ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေးတို့၌ မေ့လျော့ပေါ့ဆကြောင်း ဖြစ်သော အလောင်းအစား ကစားလေ့ရှိခြင်းတစ်ပါး။

၅။ အာလသျာနုယောဂ=အလုပ်အကိုင် ပျင်းရိခြင်းနှင့် အမြဲယှဉ်ခြင်းတစ်ပါး။

၆။ ပါပမိတ္တတာ=မိတ်ဆွေမကောင်းနှင့် ပေါင်းဖော် ခြင်းတစ်ပါး။

ဤ ၆-ပါးတို့တွင် တစ်ပါးပါးနှင့် ယှဉ်သော သူအား မရသေးသော ဥစ္စာစည်းစိမ် ဂုဏ်သိန်ကျက်သရေတို့ကိုလည်း ရနိုင်ခွင့်မရှိ၊ ရရှိသော ဥစ္စာစည်းစိမ် ဂုဏ်သိန်ကျက်သရေတို့ကိုလည်း တိုးပွားစေရန် အခွင့်မရှိ၊ တနေ့တစ်ခြား ပျက်ပြားဆုံးရှုံးခွင့်သာ ရှိ၏။

ထို့ကြောင့် လူဖြစ်သောသူသည် ဤ ၆-ပါးသောဌာနတို့ကို အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည် ဟူ၍ ဟောတော်မူ၏။

သည်ကိုရည်၍-

* ယစ်မျိုးသောက်ကြူး၊ သဘင်ကြူး၊ လောင်းကြူးညဉ့်လည်များ။
* မိတ်ဆွေမကောင်း၊ ပျင်းအားကောင်း၊ အကြောင်းဤ ၆-ပါး။
* ဥစ္စာမဲ့ရေး၊ မြန်မနှေး၊ ဝေးစွာကြဉ်ရှောင်ရှား။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ကဗျာဖြစ်၍ ရှေ့နောက်အစဉ် ရွှေ့လျက်ရှိသည်။ ဤ ၆-ပါးကိုပင် အစဉ်အတိုင်း အကျယ်ထုတ်ဖော်၍ ဟောတော်မူ၏။]

ပျက်စီးကြောင်းတရား ၆-ပါး ပြီး၏။

နိဒ္ဒေသ သံပေါက်လက်ာအဓိပ္ပါယ်

ယစ်မျိုးသောက်စားမှုအပြစ် ၆-ပါး

၁။ **သန္နိဋ္ဌိကဓနဇာနိ**=ယခုမျက်မှောက်ဘဝမှာ ဥစ္စာပြုန်းတီးခြင်းတစ်ပါး။

၂။ **ကလဟပ္ပဝမုခီ**=ခိုက်ရန်ဒေါသပွားများခြင်းတစ်ပါး။

၃။ ရောဂါနံ အာယတနံ=ရောဂါဆိုး, အနာဆိုးတို့ ပေါ်ပေါက်ပွားများရန် အကြောင်းဖြစ်ခြင်းတစ်ပါး။

၄။ အကိတ္တိ သဉ္ဇနနီ=အကျော်အစောမဲ့ခြင်းကို ဖြစ်စေခြင်း တစ်ပါး။

၅။ ကောပီနနိဒ္ဒံသနီ=အရှက်ကွဲရာ ကိုယ်အင်္ဂါကို ဖော်ပြခြင်း တစ်ပါး။

၆။ ပညာယဒုဗ္ဗလီကရဏီ=အသိအလိမ္မာ ဉာဏ်ပညာ ယုတ်လျော့ခြင်းကို ပြုခြင်းတစ်ပါး။

သည်ကို ရည်၍-

* ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ များတုံရောဂါစု။
* သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု။
* ယစ်မျိုးကြွေးငြား၊ သူတို့အား၊ ခြောက်ပါးအပြစ်ရှု။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ယစ်မျိုးသောက်စားမှုအပြစ် ၆-ပါး ပြီး၏။

ညအခါ လမ်းလျှောက်မှုအပြစ် ၆-ပါး

၁။ အတ္တ အဂုတ္တ=မိမိ၏ အသက်အန္တရာယ်မှ အစောင့်အရှောက်ကင်းခြင်း တစ်ပါး။

၂။ ပုတ္တာဒါရ အဂုတ္တာ=သား, သမီး, သားမယားတို့ ကသောက် ကရောက် ဖောက်ပြန် ပျက်ပြားခွင့်မှ အစောင့်အရှောက် ကင်းခြင်း တစ်ပါး။

၃။ သာပတေယျ အဂုတ္တာ=ဥစ္စာဓန အန္တရာယ်မှ အစောင့် အရှောက်ကင်းခြင်း တစ်ပါး။

၄။ သကိယ=ထိုသူ၌ သူဟစ်ပါးတို့ မယုံသက်ာမှားခြင်း တစ်ပါး။

၅။ အဘူတဝစန ရူဟနာ=သူတစ်ပါးတို့ မဟုတ်မတရား စွဲဆိုသော်လည်း အဟုတ်ဖြစ်၍ မှုပြစ်မင်းဒဏ် ရောက်လွယ်ခြင်း တစ်ပါး။

၆။ ဗဟုဒုက္ခ ပုရက္ခတ=ဒုက္ခအမျိုးမျိုး တွေ့ကြုံရန် ရှေးရှုလျက် ရှိနေခြင်း တစ်ပါး။

သည်ကို ရည်၍-

* မိမိသားမယား၊ ဥစ္စာအား၊ သုံးပါး အစောင့်ဝေး။
* မသက်ာဖွယ်၊ မှုရောက်လွယ်၊ သွယ်သွယ်ဒုက္ခရှေး။
* ညဥ့်လမ်းလျှောက်သူ၊ မတော်လူ၊ ပြစ်မှုခြောက်ပါး ထွေး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ညအခါလမ်းလျှောက်မှုအပြစ် ၆ ပါး ပြီး၏။

ပွဲလမ်းသဘင်ကြီးမှုအပြစ် ၆-ပါး

၁။ ကွနစ္စံ=ကပွဲ, ခုန်ပွဲတို့၌ နေ့, ရက်ကုန်ဆုံး၍နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်းတစ်ပါး။

၂။ ကွဂီတံ=သီချင်း သီပွဲ ဆိုပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍ နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်း တစ်ပါး။

၃။ ကွဝါဒိတံ=တီးပွဲ, မှုတ်ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်း တစ်ပါး။

၄။ ကွဝါဒိတံ=တီးပွဲ, မှုတ်ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်း တစ်ပါး။

၅။ ကွအက္ခာနံ=ရာမ, အိနောင်, ငွေတောင်, ဘာရတ အစရှိသော သမ္မပ္ပလာပအင်္ဂါ ဒက္ခာရိဇာတ်ဝတ္ထုတို့ကို ဖွဲ့ဆိုပြောဟောသော သာချင်းပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍ နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်း တစ်ပါး။

၆။ ကွပါဏိသဏံ=လက်ခုပ်တီးနှဲ့ အရပ်ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍ နေသဖြင့် အရေးသုံးပါး လစ်လပ်ခြင်း တစ်ပါး။

၇။ ကွကုမ္ဘထုနံ=အိုးစည်ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍ နေသဖြင့် အရေးသုံးပါး လစ်လပ်ခြင်း တစ်ပါး။

သည်ကိုရည်၍-

* ကခြင်း, သီခြင်း၊ တီးမှုတ်ခြင်း၊ သာချင်းဇာတ်ဝတ္ထု။
* လက်ခုပ်, အိုးစည်၊ သဘင်လည်၊ ခြောက်မည်အပြစ်စု။
ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဤကဗျာတို့၌ သဘင်လည် ဆိုသည်ကား ပွဲလမ်းသဘင်ရှိ တိုင်း လှည့်လည်လိုက်စားသူကို ဆိုလိုသည်။ "ကွ နစ်စံ" စသည်၌ 'ကွ-အဘယ်အရပ်၌။ နစ်စံ၊ ကပွဲ ခုန်ပွဲ ရှိသနည်း' စသည်ဖြင့် အနက်ဆိုလေ။ ။ဘယ်မှာ ကပွဲရှိသနည်း, ဘယ်မှာ သီပွဲရှိသနည်းဟု ပွဲစိတ်, ပွဲစကားနှင့်ပင် နေ, ရက်ကုန်မျှော၍နေပုံကို ပြဆိုသော စကားမျိုးတည်း။

ပွဲလမ်းသဘင်ကြွးမှု အပြစ် ၆ ပါး ပြီး၏။

လောင်ကစားကြွးမှု အပြစ် ၆-ပါး

၁။ **ဇယဝေရံ ပသဝတိ**=နိုင်သောသူမှာ ရှုံးသောသူတို့က ငြိုးမှုအတွက် ရန်ပွားခြင်း တစ်ပါး။

၂။ **ဇိနောဝိတ္တ သောကီ**=ရှုံးသောသူမှာ ကုန်သော ဥစ္စာ အတွက် စိတ်မကျေအေးနိုင်ခြင်း တစ်ပါး။

၃။ **သန္ဒိဋ္ဌိက ဓနဇာနိ**=ယခု မျက်မှောက်ဘဝမှာ ဥစ္စာ ပြုန်းတီးတတ်ခြင်း တစ်ပါး။

၄။ **ဝစနနရူဟနာ**=လွတ်ရုံးစသော သဘင်အလယ်၌ ထိုသူ့စကား မအောင်ရာခြင်း တစ်ပါး။

၅။ **မိတ္တာမစ္စပရိဘူတ**=ဆွေမျိုးဉာတိတို့၏ ကရဏာဒေါသ ရှုတ်ချနှိပ်နယ်မှုကို ခံရခြင်းတစ်ပါး။

၆။ **အာဝါဟဝိဝါဟ ဝဇ္ဇနာ**=ထိမ်းမြားမှုမှ အပပြု၍ ကြဉ်ရှောင်ခြင်းတစ်ပါး။

သည်ကိုရည်၍-

* နိုင်သူမှာရန်၊ ရှုံးပူပန်၊ အမြန်ဥစ္စာပြုန်း။
* ပွဲလယ်စကား၊ မတည်ငြား၊ ထိမ်းမြားပယ်ရိုးထုံး။
* မျိုးဆွေနှိပ်စက်၊ အန်ကြူးနက်၊ ခြောက်ချက် အပြစ်နှုန်း။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

လောင်းကစားကြူးမှု အပြစ် ၆ ပါး ပြီး၏။

ပျင်းရိခြင်း အပြစ် ၆-ပါး

၁။ **အတိသီတံ**=ချမ်းအေးလှသေးသည်ဟူ၍ အလုပ်လစ်ဟင်းခြင်း တစ်ပါး။

၂။ **အတိဥဏှံ**=ပူလှသေးသည်ဟူ၍ အလုပ်လစ်ဟင်းခြင်း တစ်ပါး။

၃။ **အတိသာယံ**=မိုးချုပ်လှပြီဟူ၍ အလုပ်လစ်ဟင်းခြင်း တစ်ပါး။

၄။ **အတိပါတော**=စောလှသေးသည်ဟူ၍ အလုပ်လစ်ဟင်း ခြင်းတစ်ပါး။

၅။ **အတိဆာတော**=ဆာမွတ်လှသေးသည်ဟူ၍ အလုပ် လစ်ဟင်းခြင်း တစ်ပါး။

၆။ **အတိမာတော**=ထမင်းစားပြီးခါစဖြစ်၍ ဝမ်းအင့်သေး သည်ဟူ၍ အလုပ်လစ်ဟင်းခြင်း တစ်ပါး။

သည်ကိုရည်၍-

* အေးသည်, ပူသည်၊ မိုးချုပ်သည်နှင့်၊ စောသည်, ဆာသည်၊ ပြည့်အင့်သည်၊ ခြောက်မည်လူပျင်းမျိုး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ပျင်းရိခြင်းအပြစ် ၆ ပါး ပြီး၏။

မိတ်မကောင်းနှင့် ပေါင်းဖော်ခြင်း အပြစ် ၆-ပါး

၁။ **မုတ္တမိတ္တ**=အလောင်းအစား ကစား ကြူးသူတို့နှင့် ပေါင်းဖက်ခြင်း တစ်ပါး။

၂။ သောဏ္ဍာမိတ္တ=မိန်းမကြီးသူ, အစားကြီးသူတို့နှင့် ပေါင်းဖက်ခြင်း တစ်ပါး။

၃။ ပိပါသမိတ္တ=အသောက်ကြီးသူတို့နှင့် ပေါင်းဖက်ခြင်း တစ်ပါး။

၄။ နေကတိကမိတ္တ=ရွှေတု, ငွေတု စသည်ပြု၍ လိမ်လည်လှဲ ရှိသော လူလိမ်တို့နှင့် ပေါင်းဖက်ခြင်း တစ်ပါး။

၅။ ဝဉ္စကမိတ္တ=ထိုမှတစ်ပါးသော စဉ်းလဲ လှည့်ပတ်လှဲရှိ သောသူ လူကောက် လူညစ်တို့နှင့် ပေါင်းဖက်ခြင်း တစ်ပါး။

၆။ သာဟသိကမိတ္တ=ခားပြ, သူခိုး, လူဆိုး, လူသွမ်း, လူသရမ်းတို့နှင့် ပေါင်းဖက်ခြင်း တစ်ပါး။

သည်ကိုရည်၍-

* အံကြီး, ထိကြီး၊ ယစ်ချိုးကြီး၊ သုံးဦးလူပျက်မျိုး။
* လိမ်လည်နှစ်ပါး၊ ခိုးသား, ခားပြ၊ ဤခြောက်ဝ၊ ပါပ မိတ်ဆွေမျိုး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဤကဗျာတို့၌ **ထိကြီး** ဆိုသည်ကား ဣတ္ထိကြီးကို ဆိုလို သည်။ ။**လိမ်လည်နှစ်ပါး** ဆိုသည်ကား လိမ်လည်ခြင်း, စဉ်းလဲ ခြင်း နှစ်ပါးကို ဆိုသည်။ ။ရွှေလိမ်, ငွေလိမ် စသည်ကို လိမ်လည်

ခြင်းဆိုသည်၊ အခိုန်စည်းလုံခြင်း, အမှောင်စည်းလုံခြင်း, အလေးစည်းလုံခြင်း, တောင်းစဉ်းလဲခြင်း စသည်ကို စဉ်းလဲခြင်းဆိုသည်။

မိတ်မကောင်းနှင့် ပေါင်းဖော်ခြင်း အပြစ် ၆ ပါး ပြီး၏။

မိတ်ဆိုး, မိတ်တု ၄-ယောက်

၁။ အညဒတ္ထုဟရမိတ်=စင်စစ်ယုဆောင်သော အဆွေခင်ပွန်း၊ (မိမိကို ပေးကမ်းထောက်ပံ့မည့်သူမဟုတ်၊ ယုမည့်သူသက်သက်သာ ဟူလိုသည်။)

၂။ ဝစီပရမမိတ်=စကားလှုင် အကြိုးအနည်းရှိသော အဆွေခင်ပွန်း။ (ပေးကမ်းမှုဌ် လက်ကားမပါ။ ပါးပါးပြောသာ ဆောင်သော အဆွေခင်ပွန်း ဟူလိုသည်။)

၃။ အနုပိယ ဘာဏီမိတ်=ခန့်မှန်းမှောက်တွင်သာ ခုစ်ကောင်းယောင်ပြု၍ အလိုက်ပေါင်းသော အဆွေခင်ပွန်း။

၄။ အပါယသဟာယမိတ်=ယုတ်မာသော အမှုတို့ဌ် အပေသဟဲရသော အဆွေခင်ပွန်း။ (သတ်ဖော်, ဖြတ်ဖော်, ခိုးဖော်, ကိုက်ဖော်, မိုက်ဖော်, မဲဖော်-အဆွေခင်ပွန်း ဟူလိုသည်။)

ဤ ၄-ယောက်သောသူတို့သည် အကျိုးမဲ့ဖို့သာ ဖြစ်ကြကုန်သောကြောင့် အဆွေခင်ပွန်းအစစ် မဟုတ်ကြကုန်၊ ခင်ပွန်းတု, ခင်ပွန်းယောင်ဆောင်ကြသော ရန်သူတို့သာတည်း၊ ဝေးစွာရှောင်ကြရာ၏။

သည်ကိုရည်၍-

* ယူမိတ်, နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ်-မိတ်တုလေး။
* ရန်သူမိတ်ဆွေ၊ ဤလေးထွေ၊ ရှောင်လေကင်းစင်ဝေး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ဤရန်သူမိတ် ၄ ယောက်တို့၏ လက္ခဏာကို အကျယ်ဟောတော်မူ၏]

၁။ အညဒတ္ထုဟရမိတ်၏ လက္ခဏာ ၄-ပါး

၁။ ပေးမည်ဟူ၍ မကြံ၊ ရသာတိုင်း ဆောင်ယူခြင်း လက္ခဏာတစ်ပါး။

၂။ အနည်းငယ်ပေး၍ အဓမ္မာယူခြင်း လက္ခဏာတစ်ပါး။

၃။ မလွဲသာလျှမ္မ ကိစ္စကိုဆောင်ရွက်ခြင်း လက္ခဏာတစ်ပါး။

၄။ မိမိအကျိုးကိုငဲ့၍သာ ပေါင်းဖော်ခြင်း လက္ခဏာတစ်ပါး။

သည်ကိုရည်၍-

* ဆောင်ဖို့သာခဲ၊ အနဲပေးမူ၊ အမျှားယူ၊ ကြောက်မူ လာ၍ကပ်။
* သက်သက်ကိုယ်ကျိုး၊ ငဲ့သူမျိုး၊ မိတ်ဆိုးအညဒတ်။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

၂။ ဝစီပရမမိတ်၏ လက္ခဏာ ၄-ပါး

၁။ အတိတ်နှင့် လောကွတ်ပြုခြင်း တစ်ပါး။
၂။ အနာဂတ်နှင့် လောကွတ်ပြုခြင်း တစ်ပါး။
၃။ အကျိုးမရှိ နိရတ္ထကဖြစ်သော အခွင့်နှင့် သဂြိုဟ်ခိုးမြှင့်ခြင်း တစ်ပါး။
၄။ မိတ်ဆွေဖြစ်သူ၌ ကူညီရန် အခွင့်ရှိလာလျှင် မိမိ၌ ပျက်စီးမှုကိုပြခြင်း တစ်ပါး။

သည်ကိုရည်၍-

* အတိတ်, နာဂတ်၊ မိတ်စေ့စပ်၊ နိရတ်ခိုးပင့်မ။
* အကြောင်းရှိသော်၊ ဒုက္ခဖော်၊ လေးပေါ်ဝစီပရမ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အတိတ်နှင့်လောကွတ်ပြုခြင်း-ဆိုသည်ကား မိတ်ဆွေဖြစ်သူက ကိစ္စဆိုက်တိုက်သည်နှင့် ပေးနှင့်ပါ, ချေးနှင့်ပါဟု လာလျှင်ရှိတုန်း အခါက သင့်ကို မျှော်ပါ၏၊ သင်မလာခဲ့၊ ယခုမှာ

ကုန်၍ သွားပါပြီဟု ရှိသည်ကို မပေးလို, မချေးလို၍ အတိတ်နှင့် လောကွတ်ပြုခြင်းတည်း။

အနာဂတ်နှင့် လောကွတ်ပြုခြင်း-ဆိုသည်ကား ရှိလျက်နှင့် မပေးလို၍ ယခုမရှိခိုက် ကြုံရလေခြင်း, မပေးရလေခြင်း, နောင်ရှိသောအခါ လာခဲ့ပါဟု အနာဂတ်နှင့် လောကွတ်ပြုခြင်းတည်း၊ နောက်လာပြန်း ၂၂င်လည်း တစ်မျိုးလွဲ၍ ပြောပြန်လတ္တံ့။

အကျိုးမရှိ နိရတ္ထကဖြစ်သောအခွင့်နှင့် သဂြိုဟ်ချိုးမြွင့်ခြင်း-ဆိုသည်ကား ထိုသူ၌ ပြည့်ပြည့်စုံစုံရှိ၍ မယူလိုမှန်းသိသောအခါ ငါမှာ ငွေရှိပါသည်၊ အလိုရှိလျှင်ယူ၍ သုံးနှင့်ပါ-ဟု ပေး၏၊ ထိုသူ၌ မပြည့်မစုံရှိ၍ လိုချင်မှန်းသိသောအခါ ငွေမရှိဟု ဝှက်၏၊ မစားနိုင်သောအခါ စားပါ, စားပါ ဟုပေး၏။ စားနိုင်, သောက်နိုင်သောအခါ ဝှက်၏၊ ရွက်ဆောင်ရန် အကြောင်းကိစ္စ မရှိသောအခါ အကြောင်းကိစ္စရှိလျှင် ဆောင်ရွက်လိုဟန်ပြု၍ ခုတင်ခုလာ၏၊ အကြောင်းကိစ္စ တကယ်ရှိလာလျှင် ကိစ္စတစ်ပါးနှင့် အသံပေး၍ ဝေးရာသို့ ထွက်ရှောင်ရှား၏၊ အကြောင်းကိစ္စပြီးငြိမ်းမှ ပြန်လာ၍ ငါတို့မရှိခိုက်ဖြင့် ကြုံကြိုက်ရလေခြင်းဟု နောင်တစကား များစွာပြောဆို၏။

ဤသို့အစရှိသည်ဖြင့် အကျိုးမရှိ နိရတ္ထကဖြစ်သော အခွင့်နှင့် သင်္ကြိုဟ်ခိုးမြွင့်ခြင်းအမှုသည် လောကဌ် အလွန်များ၏။ စိတ်နှလုံးမဖြူဖြောင့် နှုတ်ပရိယာယ်ထူလှသော လူကောက်တို့ အမှုမျိုးတည်း။

မိတ်ဆွေဖြစ်သူဌ် ကူညီရန် အခွင့်ရှိလာလျှင် မိမိဌ် ပျက်စီးမှုကိုပြခြင်း-ဆိုသည်ကား ခေါင်းကိုက်လေယောင်ပြခြင်း, ဝမ်းနာလေယောင်ပြခြင်း, စီးပွားပျက်လေယောင်ပြခြင်း အစရှိသည်တည်း။

၃။ အနုပိယမိတ်၏ လက္ခဏာ ၄-ပါး

၁။ မကောင်းမှုဌ်လည်း ဤအမှုကို ပြုလိုသည်ဟုဆိုလျှင် ပြုသာ ပြုဟု လိုက်လျောခြင်းတစ်ပါး။

၂။ ကောင်းမှုဌ်လည်း ပြုသာ ပြုဟု လိုက်လျောခြင်း တစ်ပါး။

၃။ မျက်မှောက်ဌ် ကောင်းစကား ပြောခြင်း တစ်ပါး။

၄။ မျက်ကွယ်ဌ် ဆိုးစကား ပြောခြင်း တစ်ပါး။

ဤ ၄-ပါးတည်း။

သည်ကိုရည်၍-

* မကောင်း လိုက်လျော၊ ကောင်း လိုက်လျော၊ ကောင်းပြော ရှေ့တွင်သာ။
* မျက်ကွယ်ဆိုးမှု၊ အင်လေးခု၊ အနုပိယသာ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

၄။ အပါယသဟာယမိတ်၏ လက္ခဏာ ၄-ပါး

၁။ ယစ်မျိုး သောက်စားမှု၌ အဖော်သဟဲရခြင်း တစ်ပါး။
၂။ ညလမ်းလျှောက်မှု၌ အဖော်သဟဲရခြင်း တစ်ပါး။
၃။ သဘင်ပွဲလမ်းကို လိုက်စားမှု၌ အဖော်သဟဲရခြင်း တစ်ပါး။
၄။ အလောင်းအစား ကစား၌ အဖော်သဟဲရခြင်း တစ်ပါး။

သည်ကိုရည်၍-

* ယစ်မျိုးသောက်ခန်း၊ လမ်းလျှောက်ခန်း၊ ပွဲလမ်းတစ်ဌာန။
* ကစားမှုဝယ်၊ မိတ်ဖော်နွယ်၊ အပါယ်သဟာယ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အသက်ထက်ဆုံး ဝေးစွာ ကြဉ်ရှောင်ရာသော
မိတ်ဆိုး, မိတ်တု ၄ ပါး ပြီး၏။

မိတ်ကောင်း-မိတ်စစ် ၄-ယောက်

[မိတ်ဆိုး ၄-ပါးနှင့်စပ်လျဉ်း၍ အသက်ထက်ဆုံး မကွေမကွာ ပေါင်းဖော်ရာသော မိတ်ကောင်း မိတ်စစ် ၄-ပါးကို ဟောတော်မူ၏။။]

၁။ **သမာနသုခဒုက္ခမိတ်**= ချမ်းသာအတူ,ဆင်းရဲအတူ ဆင်းရဲဖော် ချမ်းသာဖက်ဖြစ်သော အဆွေခင်ပွန်း။

၂။ **အတ္ထက္ခာယီမိတ်**=မကောင်းမြစ်တာ ကောင်းရာ ပြည့်နှန်းသောအဆွေခင်ပွန်း။

၃။ **အနုကမ္ပကမိတ်**= အခါခပ်သိမ်း မိမိကို ရင်ဝယ်သား ကဲ့သို့ သနားညှာတာခြင်းရှိသော အဆွေခင်ပွန်း။

၄။ **ဥပကာရမိတ်**= မိမိအား ကျေးဇူးပြုသမားကြီး သက် သက်ဖြစ်သော် အဆွေခင်ပွန်း။

သည်ကို ရည်၍

- **ပြုမိတ်,တူမိတ်၊ ဆရာမိတ်၊ ညှာမိတ် မိတ်စစ်လေး။**
- **ချစ်ဖော်မိတ်ဆွေ၊ ဤလေးထွေ၊ မကွေပေါင်းဖို့ရေး။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ဤမိတ်ကောင်းမိတ်စစ် ၄-ယောက်တို့၏ လက္ခဏာကို လည်း အကျယ်ဟောတော်မူ၏။။]

၁။ သမာန သုခဒုက္ခမိတ်၏လက္ခဏာ ၄-ပါး

၁။ သူ၏လျှို့ဝှက်အပ်သော အမှုကို မိမိ၌ လျှို့ဝှက်ခြင်း တစ်ပါး။

၂။ မိမိလျှို့ဝှက်အပ်သောအမှုကို သူတစ်ပါးတို့ မသိ ရအောင် လျှို့ဝှက်ခြင်းတစ်ပါး။

၃။ ဘေးတွေ့သောအခါ မိမိကို မစွန့်ခြင်း တစ်ပါး။

၄။ သူအသက်ကိုပင် စွန့်၍ မိမိအကျိုးကို ရွက်ဆောင်ခြင်း တစ်ပါး။

၁ည်ကိုရည်၍-

* လျှို့ဝှက်မရှိ၊ လျှို့ဝှက်ဘိ၊ ဘေးရှိမစွန့်လေ။
* မိတ်အတွက်မှန်၊ သက်မချန်၊ သမာန်မိတ်ကြီးပေ။

၂၍ စပ်ဆိုခဲ့ပေသည်။

၂။ အတ္ထကွာယီမိတ်၏ လက္ခဏာ ၄-ပါး

၁။ မကောင်းမှုကို မပြုရအောင် တားမြစ်ခြင်းတစ်ပါး။

၂။ ကောင်းမှု၌ တည်စေခြင်းတစ်ပါး။

၃။ မကြားဘူး,မသိဘူးသောတရားကို ကြားဖို့,သိဖို့ရာ ဟောကြားခြင်းတစ်ပါး။

၄။ ဒါန,သီလ အစရှိသော နတ်ရွာ လမ်းကြောင်းကို ညွှန်ပြခြင်း တစ်ပါး။

၁ည်ကိုရည်၍-

* မကောင်းမြစ်တား၊ ကောင်းရာထား၊ ဟောကြာ
သိဖို့ရာ။
* နတ်လမ်းပြည်ွန်၊ ဤလေးတန်၊ အမှန်အတ္ထက္ခာ။
ဟူ၍ စပ်ဆိုခဲ့ပေသည်။

၃။ အနုကမ္မကမိတ်၏ လက္ခဏာ ၄-ပါး

၁။ မိမိ၌ အကျိုးစီးပွား မဖြစ်ထွန်းလျှင် သူမနှစ်သက် နှိုင်ခြင်း စိုးရိမ်ပူပန်ခြင်းတစ်ပါး။

၂။ မိမိ၌ အကျိုးစီးပွားမဖြစ်ထွန်းလျှင် သူ နှစ်သက်ခြင်း စိတ်အလို ပြည့်ဖြိုးခြင်းတစ်ပါး။

၃။ မိမိ၏ ကျေးဇူးမဲ့ကို သူတစ်ပါးပြောဆိုလျှင် တားမြစ်ခြင်း တစ်ပါး။

၄။ မိမိ၏ ဂုဏ်ကျေးဇူးကို သူတစ်ပါးပြောကြားလျှင် ပြော သူကို ခီးမှမ်းခြင်းတစ်ပါး။

သည်ကိုရည်၍-

* မပွားလျှင်စိုး၊ ပွားလျှင်ဖြိုး၊ ကျိုးမဲ့ပြောမခံ။
* အကောင်းပြောလျှင်၊ မနောရွှင်၊ မိတ်သင်အနုကံ၊

ဟူ၍ စပ်ဆိုခဲ့ပေသည်။

၄။ ဥပကာရမိတ်၏ လက္ခဏာ ၄-ပါး

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဖွယ်ရှိသောအခါ အသက်ခန္ဓာကို စောင့်ရှောက်ခြင်းတစ်ပါး။

၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာပျက်စီးဖွယ်ရှိသောအခါ စည်းစိမ်ဥစ္စာကိုစောင့်ရှောက်ခြင်းတစ်ပါး။

၃။ ကြောက်လန့်ခြင်းရှိသောအခါ ကိုးကွယ်ရာ ဖြစ်ခြင်း တစ်ပါး။

၄။ ကိစ္စကြီး,ငယ် ရှိသောအခါ သူကပြုဖူးသော ကျေးဇူး မှုထက် ၂-ဆပိုမို၍ ကျေးဇူးပြုခြင်းတစ်ပါး။

ဃည်ကိုရည်၍-

* အသက်ဥစ္စာ၊ စောင့်ရှောက်လာ၊ ကြောက်ခါ ကယ် ဖော်ရာ။
* ကူဖွယ်ရှိမူ၊ တပိုးကူ၊ စင်ဖြူဥပကာရ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဤတွင်ရွေကား အိမ်၌နေသူ လူ-ဂဟဋ္ဌ အပေါင်း တို့အား သူကောင်း စင်စစ်ဖြစ်ဖို့အမှန် ကြဉ်ရှောင်ရန် တရား ၁၄-ပါး တို့ကို ထုတ်ဖော်ပြဆိုခန်းပြီး၏။

အရပ်ဒီသာ ၆-မျက်နှာ

၁။ အမိ,အဖ ၂-ပါးတို့သည် ပုဗ္ဗဒီသာ အရှေ့အရပ် မျက်နှာ မည်ကုန်၏။

၂။ အတတ်ပညာ သင်ကြားသော ဆရာသည် ဒက္ခိဏဒီသာ တောင်အရပ်မျက်နှာမည်၏။

၃။ အိမ်သူမယား,သမီး,သားတို့သည် ပစ္ဆိမဒီသာ အနောက် အရပ်မျက်နှာ မည်ကုန်၏။

၄။ မွေးချင်းပေါက်ဖော် ဆွေမျိုးဉာတိ မိတ်ဆွေ ခင်ပွန်းတို့သည် ဥတ္တရဒီသာ မြောက်အရပ် မျက်နှာမည်ကုန်၏။

၅။ ကျေးကျွန်အမှုလုပ်တို့သည် ဟေဋ္ဌိမဒီသာ အောက်အရပ် မျက်နှာ မည်ကုန်၏။

၆။ အကျင့်သီလနှင့် ပြည့်စုံကြကုန်သော ရသေ့,ရဟန်း တို့သည် ဥပရိမဒီသာ အထက်အရပ်မျက်နှာ မည်ကုန်၏။

သည်ကိုရည်၍-

* မာတာပိတာ၊ ရှေ့ဒီသာ၊ ဆရာတောင်ရပ်ငြား။
* သားမယားလျှင်၊ အနောက်ခွင်၊ မိတ်သင် မြောက် အလား။
* ကျွန်ကျေးအောက်ဟူ၊ အထက်မူ၊ သူမြတ်ရဟန်း ပုဏ္ဏား။

* အရပ်ဒါသာ၊ ခြောက်မျက်နှာ၊ လုံစွာပိတ်ဆို့ထား။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အရပ်ဒိသာ ၆-မျက်နှာ ပြီး၏။

အရပ်ဒိသာ ၆-မျက်နှာကို ရိုသေစွာရှိခိုးမှု
သားသမီးတို့က ပြုရာသော ဝတ် ၅-ပါး

၁။ ကျွေးမွေးတုံ့ ကျွေးမွေးလှည့် ကျွေးမွေးရခြင်း တစ်ပါး။

၂။ မိ,ဘတို့၌ ဆိုက်တိုက်၍လာသော မင်းရေးစိုးခွင့် စသည်တို့ကို မိမိကိစ္စပြု၍ ဆောင်ရွက်ရခြင်းတစ်ပါး။

၃။ အမျိုးအနွယ်အားဖြင့် အစဉ်လာသော ဒါနဝတ်, သီလဝတ် အစရှိသော အလေ့ကောင်း, အကျင့်ကောင်း, အရိုးကောင်း, အစဉ်ကောင်းတို့ကို မပျက်စေရခြင်း တစ်ပါး။

၄။ လောကီမွေ, ဓမ္မမွေတို့ကို ကောင်းစွာ ခံယူရခြင်းတစ်ပါး။

၅။ သေလွန်သော မိ,ဘတို့ကို ရည်မှတ်၍ လှူဒါန်းပြီးလျှင် သေလွန်သော မိ,ဘတို့အား ကုသိုလ်အဖို့ကို ဝိသေသထုတ်ဖော်၍ ပေးဝေရခြင်း တစ်ပါး။

သည်ကိုရည်၍-

* မွေးတုံ့မွေးမှု၊ ပြုဖွယ်ပြု၊ ကုလမျိုးနွယ်တည်း။
* ဆက်ခံအမွေ၊ သေလွန်ပေး မျှဝေဝတ်ငါးမည်။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

မိဘတို့ကပြုရာသောဝတ် ၅-ပါး

၁။ ငယ်ရွယ်စဉ်ကစ၍ မကောင်းမှု ဒုစရိုက်တို့ကို မပြုမကျင့်ရအောင် တားမြစ်ရခြင်းတစ်ပါး။

၂။ ငယ်ရွယ်စဉ်ကစ၍ မိ,ဘကို ရိုသေခြင်း အစရှိသောကောင်းသော အလိမ္မာတို့၌ တည်စေရခြင်းတစ်ပါး။

၃။ အပြစ်မရှိသော အတတ်တို့ကို သင်ကြားစေရခြင်း တစ်ပါး။

၄။ အမျိုးကောင်း, အနွယ်ကောင်း သား,သမီးတို့နှင့် ထိမ်းမြားမင်္ဂလာပြုရခြင်း တစ်ပါး။

၅။ အံ့ချီန်အခါကိုထောက်၍ အမွေဥစ္စာကို အပ်နှင်းရခြင်း တစ်ပါး။

သည်ကိုရည်၍-

* မကောင်းမြစ်တား၊ ကောင်းရာထား၊ သင်ကြား တတ်ပညာ။
* လျော်ရာအိမ်ပေး၊ အမွေပေး၊ ကျင့်ရေးဝတ်ငါးဖြာ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

တပည့်တို့ကပြုရာသော ဝတ် ၅-ပါး

၁။ မိမိရှိရာသို့ ဆရာလာသည်ကိုမြင်လျှင် ရှေးဦးစွာနေရာမှထ၍ ဆရာကို ကြိုဆို၍ ထိုး, ဖိနပ် စသည် ကိုယူ

၍ နေရာထိုင်ခင်းပေးခြင်း, အိုက်ပူသော အခါဖြစ်ခဲ့လျှင် ယပ်လေခတ်ရခြင်းတစ်ပါး။

၂။ တစ်နေ့လျှင် ၃-ကြိမ် ဆရာ၏အနီး အပါးဌာ ခစားရခြင်း တစ်ပါး။

၃။ ဆရာ၏ထံမှ ဆုံးမသွန်သင်သော စကားတို့ကို ကြားနာ လိုခြင်းတစ်ပါး။

၄။ သာလျှင်သာလိုက်၊ နာလျှင်နာလိုက် ချီးရေ, သောက်ရေ မျက်နှာသစ်ရေ, ဒန်ပူ စသည်တို့ဖြင့် လုပ်ကျွေးရခြင်း တစ်ပါး။

၅။ မတတ်သေးသည်ကို တတ်ရအောင်, တတ်ပြီးသည်ကို မပျောက်စေရအောင်၊ အတတ်ပညာကို ရိုသေစွာ သင်ကြားခြင်းတစ်ပါး။

သည်ကိုရည်၍-

* **ထကြွ,ခစား၊ ကြားနာ,လုပ်ကျွေး၊ သင်အံ့မေး၊ ကျင့်ရေး ဝတ်ငါးဖြာ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

သင်အံ့မေး-ဆိုသည်ကား သင်ခြင်း, အံခြင်း, ဆွေးနွေး မေးမြန်း ခြင်းကို ပြုရမည် ဆိုလိုသည်။

ဆရာသမားတို့ ပြုရာသော ဝတ် ၅-ပါး

၁။ လောကရေး,ဓမ္မရေးတို့၌ အပြုအမူ, အပြောအဆို, အချိုးအစား, ကျနယဉ်ကျေးရှိအောင် သွန်သင် ဆုံးမခြင်းတစ်ပါး။

၂။ လောကဗဟုသုတ, ဓမ္မ ဗဟုသုတ အမျိုးမျိုးတို့၌ ကြားဖူး နားဝရှိအောင် မိမိအနီးအနားသို့ ရောက်လာတိုင်း ဆုံးမသင်ကြား မှတ်သားစေရခြင်းတစ်ပါး။

၃။ ဆရာတတ်သိသော အတတ်ပညာကို ဆရာစားမချန် အကုန်အစင် သင်ကြားပြသခြင်း တစ်ပါး။

၄။ တတ်မြောက် လိမ္မာရှိသောအခါ၌ မိ,ဘ, မျိုးဆွေတို့အား သူတတ်သမျှကို ဖော်ပြ၍ အပ်နှင်းခြင်းတစ်ပါး။

၅။ တပည့်တပန်းတို့အား အသက်ထက်ဆုံး ရောက်လေရာ တို့၌ အန္တရာယ်ကင်းရှင်းစေရန် မန္တန်, မန္တရား, ဆေးဝါး အလျော် ပရိတ်တော်, ဂုဏ်တော်များကို အသက်ထက်ဆုံး စွဲမြဲကြေးစေရန် သင်ကြားခြင်းတစ်ပါး။

[အန္တရာယ်ကင်းပရိတ်တော်,ဂုဏ်တော်များကို နောက်မှပြဆိုအံ့။]

သည်ကိုရည်၍-

* ယဉ်ကျေးစေမှု ၊ မှတ်စေမှုနှင့်၊ တတ်မှုမချန်၊ ပြန်၍ ဆောင်နှင်း၊ ဘေးကင်းစေမှု၊ ဝတ်ငါးခု၊ ပြုလေ မြတ်ဆရာ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

လင်ယောကျ်ား‌တို့က ပြုရာသော ဝတ် ၅-ပါး

၁။ မင်း,ကွယ်,ကျွေး,အမိ,အစ်မ အစရှိသည်ဖြင့် ခိုး‌ခိုး‌ပပ ချို‌မြ
သာယာစွာ ခေါ်ဝေါ်ပြော‌ဆို‌လေ့ရှိခြင်း တစ်ပါး။

၂။ နင်,ဟယ်,ငါ,မိမည်သူ, မိမည်ပါ အစရှိသဖြင့် ရိုင်း‌စိုင်း‌စွာ
မခေါ် မပြော‌ရခြင်း,မလေး‌မစား မပြု‌ရခြင်း‌တစ်ပါး။

၃။ သူ မကြည်ဖြူ‌က သူမှတစ်ပါး မသွား‌မလာ‌ရခြင်း တစ်ပါး။

၄။ ရရှိသမျှ စည်း‌စိမ်‌ဥစ္စာ အိပ်‌ရာခင်း‌နား‌တို့အပေါ်၌ အစုံ‌တရ
ပြုလုပ်နိုင်သော အခွင့်ကို ပေး‌ရခြင်း တစ်ပါး။

၅။ မိမိအခြေအနေ အား‌လျော်စွာ အိမ်သူသား‌မယား၌
ဝတ်စား တန်‌ဆာ‌တို့ကို မညှိုး‌မနွမ်း‌ရအောင် ဆင်‌ယင်‌ရခြင်း
တစ်ပါး။

ဟူ၍ စပ်‌ဆို‌ခဲ့ပေသည်။

အိမ်သူမယား‌တို့က ပြုရာသော ဝတ် ၅-ပါး

၁။ အိမ်တွင်းကိစ္စဟူသမျှတို့၌ မလစ်မလပ် စေ့စပ်တွင်ကျယ်
သော လုံ့လဝီရိယရှိခြင်း‌တစ်ပါး။

၂။ အိမ်ရှိအခွေအရံပရိသတ်တို့၌ အပြုအစု အမှုအရ ကောင်းခြင်းတစ်ပါး။

၃။ မိမိအိမ်ရှင် လင်ယောကျ်ားမှ တစ်ပါးသော သူတို့၌ စိတ်မနောမျှ မကျူးလွန်ခြင်းတစ်ပါး။

၄။ အိမ်ရှိပစ္စည်းဥစ္စာတို့ကို အထိန်းအသိမ်း ကောင်းခြင်း တစ်ပါး။

၅။ မိန်းမတို့ဆိုင်ရာ အမှုခပ်သိမ်းတို့၌ အစေ့အစပ် တတ်သိ လိမ္မာခြင်း, အပျင်းအရိမရှိခြင်း တစ်ပါး။

သည်ကို ရည်၍-

* အိမ်ရေးတွင်ကျယ်၊ အိမ်ဝယ်လူပေါင်း၊ ကောင်းသား ပြုအင်၊ စင်ကြယ်သီလ၊ ဓနစောင့်ထိန်း၊ မပြိန်းမပျင်း၊ အရင်းတရား၊ ဝတ်ငါးပါး၊ မယားပြုစမြဲ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရာသောဝတ် ၅-ပါး

၁။ အခါအခွင့်အားလျော်စွာ ကျွေးမွေးပေးကမ်းခြင်းတစ်ပါး။

၂။ ချစ်ဖွယ် ကြင်ဖွယ်သော ခေါ်မှု,ပြောမှုရှိခြင်း တစ်ပါး။

၃။ သူတို့အကျိုးကို ရှုံးဖြောင့်သော စိတ်နှလုံးဖြင့် ကောင်းစွာ ကျင့်ခြင်းတစ်ပါး။

၄။ သူတို့အပေါ်၌ ဂုဏ်မလုပ်မူ၍ ကိုယ်တူ, ကိုယ်မျှပြုခြင်း တစ်ပါး။

၅။ မိမိကိုပုံ ယုံသည့်အတွက်ကြောင့် အဘယ်အမှု ချွတ်ယွင်း သည်, အဘယ်အကျိုး ပျက်ကွက်သည်ဟူ၍ မရှိစေခြင်း တစ်ပါး။

ာည်ကိုရည်၍-

* ပေးဝေမျှတ၊ ပိယနှုတ်ခြို၊ ကျိုးလိုကျင့်မူ၊ ကိုယ် တူပြုခြင်း၊

မချွတ်ယွင်းစေ၊ ဤငါးထွေ၊ မိတ်ဆွေကျင့်ဝတ်မျိုး။

ူ၍စပ်ဆိုခဲ့ပေသည်။

အဆွေခင်ပွန်းတို့က ပြုရာသောဝတ် ၅-ပါး

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဖွယ်ရှိသောအခါ အသက်ခန္ဓာကို စောင့်ရှောက်ခြင်းတစ်ပါး။

၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာ ပျက်စီးဖွယ်ရှိသောအခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်းတစ်ပါး။

၃။ ကြောက်လန့်ခြင်းရှိသောအခါ ကိုးကွယ်ရာ ဖြစ်ခြင်း တစ်ပါး။

၄။ ဘေးတွေ့သောအခါ မိမိကို မစွန့်ခြင်းတစ်ပါး။

၅။ သူ၏သား, မြေးစဉ်ဆက်တို့ကို အဆွေခင်ပွန်းဖြစ်သူတို့က ခီးပမူ ပြုခြင်းတစ်ပါး။

သည်ကိုရည်၍-

* အသက်, ဥစ္စာ၊ နှစ်ဖြာစောင့်ရှောက်၊ ကြောက်လျှင် ကြပ်မ၊ တူကွဲဘေးတွင်၊ သားစဉ်, မြေးဆက်၊ မြတ်နိုး ချက်၊ မိတ်ဖက် ဝတ်ငါးမျိုး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[တူကွဲဘေးတွင် ဆိုသည်ကား-ဘေးရှိသောအခါ မစွန့်သည်ကိုဆိုသည်။]

အရှင်ဖြစ်သူက ပြုရာသော ဝတ် ၅-ပါး

၁။ ပြုလုပ်သူတို့၏ အင်အားနှင့် တိုင်းတာ၍ အလုပ်အကိုင်ကို စီရင်ခြင်းတစ်ပါး။

၂။ ထိုက်တန်လောက်အောင် ထမင်းရိက္ခာ အဖိုးအခကျွေးမွေးပေးကမ်းခြင်းတစ်ပါး။

၃။ မကျန်းမမာရှိသောအခါ ကောင်းမွန်စွာပြုစုခြင်းတစ်ပါး။

၄။ အစားကောင်း, အသောက်ကောင်း အထူးတလည် ရရှိသောအခါ သူတို့ကို ကြည်ဖြူစွာ ဝေဌခြင်း ကစ်ပါး။

၅။ အချိန်နာရီနှင့် လုပ်ကိုင်စရာ အချိန်နာရီကျရောက်လျှင် အလုပ်မှလွှတ်ခြင်း၊ ဥပုသ် သီတင်းနေ့, ပွဲလမ်းသဘင်နေ့တို့၌ နေ့လွတ်ပြု၍ သုံးဖွယ်, စားဖွယ်ပေး၍

လွှတ်ခြင်း၊ အသက်,အရွယ် ကြီးရင့်သောအခါ အငြိမ်းစား ကျေးမွေး၍ ထားခြင်းတစ်ပါး။

သည်ကိုရည်၍-

* အားတန်ခိုင်းစေ၊ ကျေအောင် ပေးကျွေး၊ နာရေး ပြုပြင်း၊ အစားကောင်းမျှ၊ လွှတ်သင့်က လွှတ်၊ ကျင့်ဝတ်တရား၊ ဤငါးပါး၊ မှတ်သား အရှင့်ဝတ်။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ကျွန်အမှုလုပ်တို့က ပြုရာသော ဝတ် ၅-ပါး

၁။ နံနက်စောစော၌ အရှင်မထမီ ရှေးဦးစွာ ထ၍ အရှင့်ဝတ်ပြုခြင်းတစ်ပါး။

၂။ အိပ်ရာဝင်သောအခါ အရှင်၏ဝတ်နိဗ္ဗာန်ကို ပြုပြီး၍ နောက်မှ အိပ်ခြင်းတစ်ပါး။

၃။ အရှင့် ဥစ္စာကို မျက်မှောက်, မျက်ကွယ်တို့၌ ပေးမှ ယူခြင်းတစ်ပါး။

၄။ အလုပ်အကိုင် ကောင်းခြင်းတစ်ပါး။

၅။ အရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလေ့ရှိခြင်းတစ်ပါး။

သည်ကိုရည်၍-

* အရင်ထမြောက်၊နောက်မှအိပ်ရေး၊ ပေးမှလည်း
ယူ၊ ပြုမူကောင်းတု၊ ဂုဏ်ကို ပြောကြား၊
ဤငါးပါး၊ မှတ်သား ကျွန်တို့ဝတ်။
ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဒါယကာတို့က ပြုရာသော ဝတ် ၅-ပါး

၁။ ရသေ့, ရဟန်းတို့အား မေတ္တာနှင့်ယှဉ်သော
ကာယကံ ဝတ်နိဗန်ကို ပြုခြင်းတစ်ပါး။

၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံစကားကို ပြောဆိုခြင်း
တစ်ပါး။

၃။ မေတ္တာနှင့်ယှဉ်သော မနောကံမူကို ပွားများခြင်း
တစ်ပါး။

၄။ ဘယ်အခါမဆို မိမိအိမ်သို့ ဝင်ပါ၊ အလိုရှိရာ ပြော
ဆိုပါဟု ဖိတ်ကြားခြင်းတစ်ပါး။

၅။ ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းပေးကမ်း
ကျွေးမွေးခြင်းတစ်ပါး။

သည်ကိုရည်၍-

* မေတ္တာသုံးပါး၊ တံခါးဟင်းလင်း၊ ကျွေးမွေးခြင်း၊
ငါးသင်း လူတို့ဝတ်။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ရသေ့, ရဟန်းတို့က ပြုရာသော ဝတ် ၆-ပါး

၁။ မကောင်းမှုကို မပြုရအောင် ဆုံးမမြစ်တားခြင်း တစ်ပါး။

၂။ ဒါန, သီလ, ဥပေါသထအစရှိသော ကောင်းမှုတို့၌ တည်စေခြင်းတစ်ပါး။

၃။ လူတို့၌ ကရုဏာတရားဖြင့် သနားစိတ် ကောင်းစွာ တည်ခြင်းတစ်ပါး။

၄။ မနာမကြားဖူးသေးသော တရားကို နာကြားစေခြင်း တစ်ပါး။

၅။ ကြားနာဖူးသော တရားစကားကို အထူးပွင့်လင်း အောင် ထပ်မံ၍ ပြောပြောခြင်းတစ်ပါး။

၆။ ဒါန, သီလ စသော နတ်ရွာလမ်းကို ညွှန်ပြခြင်း တစ်ပါး။

သည်ကိုရည်၍-

* မကောင်း မြစ်တာ၊ ကောင်းရာ ညွှန်ကြား၊ သနား စိတ်နှူး၊ မကြားဖူးက၊ ပြသသွန်သင်၊ ကြားဖူးလျှင်မူ၊ ချဲ့.ထွင်ခွဲခြမ်း၊ နတ်လမ်း ရှင်းလင်း၊ ဖော်ပြခြင်း၊ ခြောက်သင်းရှင်တို့ဝတ်။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အရပ်ဒီသာ ၆-မျက်နှာတို့ကို ရိုသေစွာရှိခိုးမှု-ဆိုသည်ကား အမျိုးကောင်းသားဖြစ်သူသည် ဤခြောက်မျိုးသောသူတို့၌ မိမိ၏ သက်ဆိုင်ရာ ဝတ်နိဗန်တို့ကို ကျေလည်အောင် ပြုရသည်။

ဤသို့ ပြုသည်ကို ရည်၍ "အရပ်ဒီသာ ၆-မျက်နှာတို့ကို ရိုသေစွာရှိခိုးရစ်လော့-"ဟု သိဂါလလုလင်အား အဖပုဏ္ဏားအဆုံးစကား မှာကြားခဲ့ပေသည်။

မိမိ၏ သက်ဆိုင်ရာ ဝတ်နိဗန်တို့ကို ကျေလည်အောင် ပြုမူသည် အရပ်ဒီသာ ၆-မျက်နှာတို့ကို ရိုသေစွာ ရှိခိုးခြင်းလည်းမည်၏။ အရပ်ဒီသာ ၆-မျက်နှာတို့ကို လုံခြုံစွာ ပိတ်ဆို့ထားခြင်းလည်းမည်၏။

ထို့ကြောင့်...

*** အရပ်ဒီသာ၊ ခြောက်မျက်နှာ၊ လုံစွာပိတ်ဆို့ထား။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ပိတ်ဆို့ထား-ဆိုသည်ကား... အရပ်ဒီသာ ၆-မျက်နှာတို့မှ အဇ္ဈာနုဝါဒဘေး, ပရာနုဝါဒဘေးတို့ မိမိထံသို့ မလာရအောင် ပိတ်ဆို့ထားမှုတည်း။

သား, သမီးတို့သည် မိဘတို့၌ ၅-ပါးသော ဝတ်တို့ကို မပြုကုန်ငြားအံ့၊ အမိအဖ ဟူသော အရှေ့အရပ်မျက်နှာသည်

ဟာလာဟင်းလင်း ဖြစ်၏။ ထိုအခါ ထိုအရပ်မျက်နှာမှ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး ၂-ပါးသည် ထို သား, သမီးတို့သို့ ဝင်ရောက်၏။ဘေးသင့်၏။

၅-ပါးသော ဝတ်ကို ပြုကုန်သော သားသမီးတို့အား ထို အရပ်မျက်နှာသည် လုံခြုံ၏၊ အမိ,အဖတို့နှင့်စပ်သော ဘေး ၂-ပါးသည် ထိုသား, သမီးတို့သို့ မရောက်ပြီ၊ဘေးကင်း၏။ ထို့ကြောင့် ဝတ်ပြုမှုကို ပိတ်ဆို့ထားမှုဟု ဆိုသဘည်း။

၁။ **အတ္တာနုဝါဒဘေး**-ဆိုးယည်ကား ငါမပြုခဲ့လေခြင်း-ဟု မိမိကိုယ်ကို မိမိ စွပ်စွဲသောဘေးဝည်း။

၂။ **ပရာနုဝါဒဘေး**-ဆိုသည်ကား လောက၌ လူပညာရှိ, ရှင်ပညာရှိတို့သည်လည်းကောင်း၊ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, သာသနာစောင့်နတ်, လောကပါလနတ်တို့သည်လည်းကောင်း၊ ထိုသား, သမီးများကို ကဲ့ရဲ့ကြကုန်၏။ ဤသို့ သူတစ်ပါးတို့၏ ကဲ့ရဲ့ခြင်းသည် ပရာနုဝါဘေးမည်၏။

အတ္တာနုဝါဒဘေးနှင့် သေလွန်လျှင် အပါယ်ငရဲ မြဲ၏။ ပရာနုဝါဒဘေးအတွက် လူသူတော်ကောင်း, ရှင်သူတော်ကောင်း, နတ်သူတော်ကောင်းတို့၏ အလယ်၌ အရုပ်ပျက်၏။ လူရာမဝင်ရှိ၏။ အလောင်းအလျာမျိုးမှ အပဖြစ်၏။

ဆရာသမားတို့၌ ဝတ်နိဗန်ကို မပြုလျှင် တောင်မျက်နှာ ဟာ၏။ တောင်မျက်နှာမှ ဘေး ၂-ပါးလာ၏။

သားမယားတို့၌ ဝတ်နိဗန် မပြုလျှင် အနောက် မျက်နှာ ဟာ၏။ အနောက်မျက်နှာမှ ဘေး ၂-ပါးနှင့်တကွ ဒုက္ခများစွာ လာတတ်၏။

မိတ်ဆွေခင်ပွန်းတို့၌ ဝတ်နိဗန်မပြုလျှင် မြောက်မျက်နှာ ဟာ၏။ အကြောင်းကိစ္စရှိသောအခါ ကိုးကွယ်ရာမဲ့ ဖြစ်တတ်၏။

ကျေးကျွန်အမှုလုပ်တို့၌ ဝတ်နိဗန်ကို မပြုလျှင် အောက် မျက်နှာ ဟာ၏။စီးပွားရေး ပျက်ကွက်တတ်၏။

ရသေ့, ရဟန်းတို့၌ ဝတ်နိဗန်ကို မပြုလျှင် အထက် မျက်နှာ ဟာ၏။ အပါယ်ငရဲ၌ အနစ်ကြီးနစ်၍ သွားတတ်၏။

ဆိုအပ်ပြီးသော ဝတ်တို့ကို ပြုကြကုန်သော သူတို့အား အရပ် ၆-မျက်နှာ လုံခြုံ၏။ ထိုဘေးစု မဝင်နိုင်ရှိ၏။ ဘေးကင်း၏။ လူ့အလယ်, နတ်အလယ်၌ တင့်တယ်၏။ အလောင်းအလျာ မျိုး၌ ပါဝင်၏။ ပစ္စုပ္ပန်, သံသရာလမ်း ဖြောင့်၏၊ မဂ်စခန်း, ဖိုလ်စခန်း နီး၏။

အရပ်ဒိသာ ၆-မျက်နှာကို ရိုသေစွာ ရှိခိုးမှု ပြီး၏။

ဒုစရိုက် ၁၀-ပါး

၁။ ပါဏာတိပါတ = သူ့အသက်ကိုသတ်ခြင်း
တစ်ပါး။

၂။ အဒိန္နာဒါန = သူ့ဥစ္စာကို ခိုးခြင်းတစ်ပါး။

၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်အမှုတို့၌ မှောက်
မှားသော အကျင့်တစ်ပါး၊

၄။ မုသာဝါဒ = မဟုတ်မမှန်သော စကား
ပြောခြင်းတစ်ပါး။

၅။ ပိသုဏာဝါစာ = ကုန်းတိုက် စကားပြောခြင်း
တစ်ပါး။

၆။ ဖရုသဝါစာ = အကြမ်းအတမ်း ဆဲရေးခြင်း
တစ်ပါး။

၇။ သမ္ဖပ္ပလာပ = အကျိုးမရှိ ပြိန်ဖျင်းသော
ဒဏ္ဍာရိုစကားမျိုးကို ပြောလေ့
ရှိခြင်း တစ်ပါး။

၈။ အဘိဇ္ဈာ = သူ့ပိုင်နက်ကို ငါ့ပိုင်နက်ဖြစ်
လျှင် ကောင်းပေစွဟု
တောင့်တခြင်းတစ်ပါး။

၉။ ဗျာပါဒ = သူ့ အသက်ခန္ဓာကို ပျက်စီး
စေလိုခြင်းတစ်ပါး။

၁၀။ **မိစ္ဆာဒိဋ္ဌိ** = ကံ,ကံ၏ အကျိုးကို ပယ်ရှား
၍ မှားသောအယူရှိခြင်း
တစ်ပါး။

သည်ကိုရည်၍-

* သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ သုံးချက်
ကာယကံ။

* မုသာ, မိတ်ခွဲ၊ ဆဲရေး,ပြိန်ဖျင်း၊ အပါယ်ချဉ်း၊
လေးသင်းဝစီကံ။

* သူ့ ပိုင်နက်ကို၊ ကိုယ့်ဘက်ညွှတ်စေ၊ အသေ
တောင့်တ၊ ပါပဒိဋ္ဌိ၊ အပါယ်ငြိ၊ တြိမနောကံ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဒုစရိုက် ၁၀-ပါးပြီး၏။

သုစရိုက် ၁၀-ပါး

၁။ ပါဏာတိပါတာဝိရတိ = သူ့အသက်ကို သတ်
ခြင်းမှ ကြဉ်ရှောင်
ခြင်း။

၂။ အဒိန္နာဒါနဝိရတိ = သူ့ ဥစ္စာကို ခိုးခြင်းမှ ကြဉ်ရှောင်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရဝိရတိ = ကာမဂုဏ်မှုတို့၌ မှောက်မှားသော အကျင့်မှ ကြဉ်ရှောင်ခြင်း။

၄။ မုသာဝါဒဝိရတိ = မဟုတ်မမှန်သော စကားပြောမှုမှ ကြဉ်ရှောင်ခြင်း။

၅။ ပိသုဏာဝါစာဝိရတိ = ကုန်းတိုက် စကားပြောမှုမှ ကြဉ်ရှောင်ခြင်း။

၆။ ဖရုသဝါစာဝိရတိ = အကြမ်းအတမ်း ဆဲရေးမှုမှ ကြဉ်ရှောင်ခြင်း။

၇။ သမ္ဖပ္ပလာပဝိရတိ = အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဟောမှုမှ ကြဉ်ရှောင်ခြင်း။

၈။ အနဘိဇ္ဈာ = သူ့ပိုင်နက်ကို တောင့်တမှု မရှိခြင်း။

၉။ အဗျာပါဒ = သူ့ အသက်ကို ပျက်စီးစေလိုမှု မရှိခြင်း။

၁၀။ သမ္မာဒိဋ္ဌိ = ကံ, ကံ၏အကျိုးကို ကောင်းစွာ မြင်ခြင်း။

သည်ကိုရည်၍-

* ကာယဒုစရိုက်သုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါး ကာယကံ။
* ဝစီဒုစရိုက်လေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါး ဝစီကံ။
* သူ့ပိုင်နက်ကို၊ မက်မောမကျူး၊ ကြည်နူးမေတ္တာ၊ ကံသာအရင်း၊ ဖြူဖြောင့်စင်း၊ သုံးသင်းမနောကံ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အတ္ထက္ခာယိမိတ်, မိဘဝတ်တို့၌-

၁။ မကောင်းမြစ်တား

၂။ ကောင်းရာသွင်းထား

ဝတ် ၂-ပါးရှိ၏။

မကောင်းဆိုသည်ကား . . . ကမ္မကိလေသာ ၄-ပါး, အဂတိ ၄-ပါး, ယစ်မျိုးသောက်စား၍မူ, အလောင်းအစား ကစား၍မူ, ပွဲလမ်းသဘင်၌မူ, ညဉ့်လမ်းလျှောက်၍မူ, မိတ်ဆိုး ၄-မျိုးတို့နှင့် ပေါင်းဖော်မှု, အသင်အကြား အလုပ်အကိုင် ပျင်းရိမှု ဤအလုံးစုံသည် မကောင်းရာမည်၏။

၁။ ပါဏာတိပါတ

၂။ အဒိန္နာဒါန

၃။ ကာမေသုမိစ္ဆာစာရ

၄။ မုသာဝါဒ

၅။ ပိသုဏဝါစာ

၆။ ဖရုသဝါစာ

၇။ သမ္ဖပ္ပလာပ

၈။ အဘိဇ္ဈာ

၉။ ဗျာပါဒ

၁၀။ မိစ္ဆာဒိဋ္ဌိ။

* သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ သုံးချက်ကာယကံ။
* မုသာ, မိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ ပြောဆိုခြင်း၊ လေးသင်းဝစီကံ။

* သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွှတ်စေ၊ အသေတောင့်တ၊ ဒသဝတ္ထု၊ ဒိဋ္ဌိစု၊ သုံးခု မနောက်။ ဟူ၍ လာသော ဒုစရိုက် ၁၀-ပါး၊ အကုသိုလ်ကမ္မပထတရား ၁၀-ပါးသည်လည်း မကောင်းရာ မည်၏။

အိမ်ရာဖျက်-ဆိုသည်ကား။ ။ ကာမေသုမိစ္ဆာစာရ အမှုတည်း။

နောက်ကဗျာဒ်မိတ်ခွဲ-ဆိုသည်ကား။ ။ သူ၂ဦးတို့ကို အချစ်ပျက်အောင် ပြုခြင်းတည်း။

ပြိန်ဖျင်းသောစကား-ဆိုသည်ကား။ ။ ရာမဇာတ်, အီနောင်ဇာတ်, ငွေတောင်ဇာတ်, ဘာရတဇာတ်, ယခုလောကဒ်ဂ် လုပ်ကြံသော ဇာတ်, ဝတ္ထုစာအုပ်စုတည်း။

ကိုယ့်ဘက်ညွှတ်စေ-ဆိုသည်ကား။ ။ ငါ၏ဥစ္စာဖြစ်ပါတော့။ ။ ဟု တောင့်တခြင်းတည်း။

အသေတောင့်တ-ဆိုသည်ကား။ ။ သတ္တဝါတပါးကို သေကြေပျက်စီးပါစေ-ဟု တောင့်တခြင်းတည်း။

ပေးလျှုမူသည် အကျိုးမရှိ၊ ပူဇော်မှုသည် အကျိုး မရှိ-စသည်ဖြင့် အမှုဝတ္ထု ၁၀-မျိုးရှိသော ဒိဋ္ဌိစု သည် မိစ္ဆာဒိဋ္ဌိမည်၏။

ကောင်းရာ-ဆိုသည်ကား. . . သမာန သုခ ဒုက္ခ မိတ် အစရှိသော မိတ်ကောင်း, မိတ်စစ် ၄-မျိုးတို့ နှင့်သာ ပေါင်းဖော်ခြင်း အရပ်ဒေသ ၆-မျက်နှာတို့၌ ပြဆိုခဲ့ပြီးသော ဝတ်နိဗန်တို့ကို ကျေလည်စွာ ပြုခြင်း များသည် ကောင်းရာဌာနမည်၏။

သုစရိုက် ၁၀-ပါးပြီး၏။

ဩကာသ-ဆိုရပုံ

ဝုဒ္ဓဘာသာ လူမျိုးတို့၌မူကား ၅-နှစ်ရွယ်, ၆-နှစ်, ၇-နှစ်ရွယ်မှ စ၍ သရဏဂုံ ၃-ပါး, ၅-ပါးသီလ, ၈-ပါးဥပုသ်, သုစရိုက် ၁၀-ပါး, ပြဟ္မစိုရ်တရား ၄-ပါး, ပုညကြိယာ ဝတ္ထု ၁၀-ပါး, ပါရမီ ၁၀-ပါး များသည်လည်း ကောင်းရာဌာန မည်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာကျောင်းသား သူငယ်တို့အား အသက်ထက်ဆုံး မြဲမြံကြရန် အချက်စုကို ဆိုပေအံ့။

ရတနာ ၃-ပါးတို့အား ရှိခိုးဝပ်ချသောအခါ၌ ပုဆစ်ဒူး ၂-ခု၊ လဲက် ၂-ခု၊ နဖူးပြင် ၁-ခုတို့ကို မြေ၌ထားလျက် ၃-ကြိမ် ရှိခိုးဝပ်ချရမည်။

ထို့နောက် ထိုင်၍ လက်အုပ်ချီမိုးလျက်. . . .

ဩကာသ, ဩကာသ, ဩကာသ- ဘုရားရတနာ, တရားရတနာ, သံဃာရတနာ- တည်းဟူသော ရတနာမြတ်သုံးပါး အပေါင်းအား ကာယဝန္ဒနာ, ဝါစာဝန္ဒနာ, မနောဝန္ဒနာ- တည်းဟူသော သုံးပါးသော ရှိခိုးခြင်းတို့ဖြင့် အကျွန်ုပ် အရှိအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ ဘုရား။

ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါရသော ဤကောင်းမှု, ဤကုသိုလ်စေတနာ၏ အာနုဘော်ကြောင့် ဒိဋ္ဌဓမ္မဤဘဝမှစ၍ ဖြစ်လေရာရာ ဘဝတိုင်းတို့၌ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး တို့မှ အစဉ်ကင်းလွတ်၍ ရာဂ, ဒေါသ, မောဟ, ဇာတိ အစရှိသော မီးတစ်ဆယ့်တစ်ပါးတို့၏ ကင်းငြိမ်းရာ ခေမာ အမတံ ပြည်နိဗ္ဗာန်သို့ အမြန်ရောက်ရပါလို၏။

[ဩကာသ ကြေကြေမွမွ ရစေ]

ဩကာသ ဆိုပုံပြီး၏။

နမော တဿ ပါဠိ, အနက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[သုံးခေါက်ဆို]

အရဟတော၊ ငြဟ်ဟာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူ
ကာ်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သော
လဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်,ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ
ဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊
စ္စာဥေ ယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွေဉာဏ်ဖြင့်
မှန်ထိုးထွင်း အလင်းသိမြင်တော်မူပေထသော။ တဿ
ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော-နမာမိ၊ ရှိခိုးပါ၏။

[ဤ နမော တဿ-ကို မဟာနမက္ကာရကြီးဟူ၍ သဒ္ဒနီတိကျမ်းဌ
ဆို၏။ ဘုရားလက်ထက်တော်မှ အစဉ်အဆက်လာသော မဟာ
ပဏာမကြီးပေတည်း။ ။ကြေကြေမွမွ ရစေ။]

နမော တဿ ပါဠိ, အနက် ပြီး၏။

သရဏာဂုံ ပါဠိ, အနက်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။

ရတနာ ၃-ပါးတို့အား ရှိခိုးဝပ်ချသောအခါ၌ ပုဆစ်ဒူး ၂-ခု၊ လက် ၂-ခု၊ နဖူးပြင် ၁-ခုတို့ကို မြေ၌ထားလျက် ၃-ကြိမ် ရှိခိုးဝပ်ချရမည်။

ထို့နောက် ထိုင်၍ လက်အုပ်ချီမိုးလျက်. . . .

ဩကာသ, ဩကာသ, ဩကာသ- ဘုရားရတနာ, တရားရတနာ, သံဃာရတနာ- တည်းဟူသော ရတနာမြတ်သုံးပါး အပေါင်းအား ကာယဝန္ဒနာ, ဝါစာဝန္ဒနာ, မနောဝန္ဒနာ- တည်းဟူသော သုံးပါးသော ရှိခိုးခြင်းတို့ဖြင့် အကျွန်ုပ် အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ ဘုရား။

ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါရသော ဤကောင်းမှု, ဤကုသိုလ်စေတနာ၏ အာနုဘော်ကြောင့် ဒိဋ္ဌဓမ္မဤဘဝမှစ၍ ဖြစ်လေရာရာ ဘဝတိုင်းတို့၌ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး တို့မှ အစဉ်ကင်းလွတ်၍ ရာဂ, ဒေါသ, မောဟ, ဇာတိ အစရှိသော မီးတစ်ဆယ့်တစ်ပါးတို့၏ ကင်းငြိမ်းရာ ခေမာ အမတံ ပြည်နိဗ္ဗာန်သို့ အမြန်ရောက်ရပါလို၏။

[ဩကာသ ကြေကြေမွမွ ရစေ]

ဩကာသ ဆိုပုံပြီး၏။

နမော တဿ ပါဠိ, အနက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[သုံးခေါက်ဆို]

အရဟတော၊ ငြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူ
ကာရော် ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သော
ာလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်,ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ
ဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊
ာစ္စာဥ္ ယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွေဉာဏ်ဖြင့်
ခမှန်ထိုးထွင်း အလင်းသိမြင်တော်မူပေထသော။ တဿ
ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော-နမာမိ၊ ရှိခိုးပါ၏။

[ဤ နမော တဿ-ကို မဟာနမက္ကာရကြီးဟူ၍ သဒ္ဒနီတိကျမ်းဌ
ဆို၏။ ဘုရားလက်ထက်တော်မှ အစဉ်အဆက်လာသော မဟာ
ပဏာမကြီးပေတည်း။ ။ကြေကြေမွမွ ရစေ။]

နမော တဿ ပါဠိ, အနက် ပြီး၏။

သရဏာဂုံ ပါဠိ, အနက်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။

၁။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ- သရဏံဂ္ဂတိ၊ ဒုက္ခ ကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာ- ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်- အမြတ်ဆယ်ဖော် တရားတော်ကို။ သရဏံ-သရဏံဂ္ဂတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာ-ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၃။ သံဃံ၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန်, အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာပုဂ္ဂိုလ် အပေါင်းကို။ သရဏံ-သရဏံဂ္ဂတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာ-ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

[ကြေကြေမွမွ ရစေ]

သရဏဂုံ ပါဠိ, အနက် ပြီး၏။

၅-ပါးသီလ ပါဠိ, အနက်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၁။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ လွတ်ကင်းလေအောင် ဝေးစွာ ရှောင်ခြင်းတည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ် မူကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည် ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင် မပေးသော သူ၏ ဥစ္စာကို ယူခြင်းမှ-

၃။ ကာမေသု၊ ကာမမူတို့၌။ မိစ္ဆာစာရာ၊ မှောက်မှောက် မှားမှား ပြုကျင့်ခြင်းမှ-

၄။ မုသာဝါဒါ၊ မဟုတ် မမှန်သည်ကို အမှန်အဟုတ် ပြုလုပ် ပြောဆိုခြင်းမှ-

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ သေရည်ငါးထွေ သေရက် ငါးပါး ယစ်မျိုးများနှင့် အစားအလောင်း မေ့လျော့ကြောင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ လွတ်ကင်း လေအောင် ဝေးစွာရှောင်ခြင်းတည်းဟူသော သိက္ခာပဒ

သီလအစု ကုသိုလ်မှုကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၅-ပါးသီလ ပါဠိ, အနက်ပြီး၏။

၈-ပါးသီလ ပါဠိ,အနက်

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဒ္ဒပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၈-ပါးသီလဒ်ဗ် ထူးသောအနက်

၃။ အဗြဟ္မစရိယာ၊ မေထုန်ကာမ ယုတ်ညံ့လှသော အကျင့်မှ-

၆။ ဝိကာလဘောဇနာ၊ နေလွဲညစာ စားခြင်းမှ-

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကပွဲ, သီပွဲ, တီးမှုတ်ပွဲ, လက်ဝှေ့ပွဲ, လက်ပမ်းပွဲ, ဆင်တိုက်ပွဲ, မြင်းပြိုင်ပွဲ စသည်တို့ကို ကြည့်ရှုခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, အလှဆေးခြယ်လှယ်ခြင်း စသော အရာဋ္ဌာနမျိုးမှ-

၈။ ဥစ္စာသယန မဟာသယနာ၊ တစ်တောင့်ထွာ ပမာဏ ထက် မြင့်သော ပလ္လင်ညောင်စောင်း, အကောင်း အမြတ် ဖြစ်သော အခင်းနှီးမျိုးမှ။ ဝေရမဏိ သိက္ခာပဒံ၊ လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

၈-ပါးသီလ ပါဠိ, အနက် ပြီး၏။

သုစရိုက် ၁၀-ပါး ပြဆိုပုံ

၁။ ကာယဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်မှုသည် ကုသိုလ် ကာယကံ ၃-ပါးဖြစ်၏။

၂။ ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်ရှောင်မှုသည် ကုသိုလ်ဝစီကံ ၄-ပါးဖြစ်၏။

၃။ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ ဤ ၃-ပါးသည် ကုသိုလ် မနောကံ ၃-ပါးမည်၏။

[သုစရိုက် ၁၀-ပါးတည်း၊ ကုသလကမ္မပထ တရား ၁၀-ပါးလည်းခေါ်၏။]

* ကာ-ဒုသုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါး ကာယကံ။
* နှုတ်-ဒု လေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါး ဝစီကံ။
* အနဘိဇ္ဈာ၊ အဗျာပါ နှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိမနောကံ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

သူ့ပိုင်နက်ကို သူ့ပိုင်နက်အနေနှင့် ကြည်ဖြူနေမှုသည် အနဘိဇ္ဈာမည်၏။ မေတ္တာတရားသည် အဗျာပါဒမည်၏၊ ပေးကမ်းလှူဒါန်းမှုသည် နောင်ဘဝ၌ အကျိုးရှိ၏ စသည်ဖြင့် အမှုဝတ္ထု ၁၀-မျိုးရှိသော ဒိဋ္ဌိသည် သမ္မာဒိဋ္ဌိမည်၏။

သုစရိုက် ၁၀-ပါး ပြီး၏။

ပုညကြိယာ ဝတ္ထု၊ ၁၀-ပါး

၁။ **ဒါနံ**= လှူခြင်းပေးကမ်းခြင်းတစ်ပါး။

၂။ **သီလံ**=နိစ္စသီလ, ဥပေါသထသီလ ဟူသော သီလ တစ်ပါး။

၃။ **ဘာဝနာ**=သမထဘာဝနာ, ဝိပဿနာဘာဝနာဟူသော ဘာဝနာ တစ်ပါး။

၄။ **အပစာယနံ**=ရိုသေသမှုပြုခြင်းဟူသော အပစာယန တစ်ပါး။

၅။ **ဝေယျာဝစ္စံ**=ကောင်းသောအမှုတို့၌ ကြောင့်ကြစိုက်ထုတ်ခြင်း ဟူသော ဝေယျာဝစ္စ တစ်ပါး။

၆။ **ပတ္တိဒါနံ**=မိမိပြုသော ကုသိုလ်အဖို့ကို သူတစ်ပါးတို့အား ဝေငှခြင်းဟူသော ပတ္တိဒါန တစ်ပါး။

၇။ **ပတ္တာနုမောဒနံ**=သူဝေငှသော ကုသိုလ်အဖို့ကို သာဓုခေါ်ခြင်းဟူသော ပတ္တာနုမောဒန တစ်ပါး။

၈။ **ဓမ္မသဝနံ**=သူသင်ကြားပြောဟောသောတရားကို ကြည်ညိုစွာ နာယူခြင်းဟူသော ဓမ္မသဝန တစ်ပါး။

၉။ **ဓမ္မဒေဿနာ**=မိမိသိရှိသောတရားကို သူတစ်ပါးအား သင်ကြားပြောဟောခြင်းဟူသော ဓမ္မဒေသနာ တစ်ပါး။

၁၀။ **ဒိဋ္ဌဇုကမ္မံ**=အမှုဝတ္ထု ၁၀-မျိုးရှိသော သမ္မာဒိဋ္ဌိဉာဏ်ကို ဖြောင့်မတ်အောင် ပြုခြင်းဟူသော ဒိဋ္ဌဇုကမ္မ တစ်ပါး။

ပုညကြိယာ ဝတ္ထု ၁၀-ပါး ပြီး၏။

ပါရမီ ၁၀ ပါး

၁။ **ဒါနံ**=ဒါနပါရမီ။

၂။ **သီလံ**=သီလပါရမီ။

၃။ **နေက္ခမ္မံ**=နေက္ခမ္မပါရမီ။

၄။ **ပညာ**=ပညာပါရမီ။

၅။ **ဝီရိယံ**=ဝီရိယပါရမီ။

၆။ **ခန္တီ**=ခန္တီပါရမီ။

၇။ **သစ္စံ**=သစ္စာပါရမီ။

၈။ **အဓိဋ္ဌာနံ**=အဓိဋ္ဌာန်ပါရမီ။

၉။ မေတ္တာ=မေတ္တာပါရမီ။

၁၀။ ဥပေက္ခာ=ဥပေက္ခာပါရမီ။

ပါရမီ ၁၀-ပါးပြီး၏။

ဖြဟ္ဒဝိဟာရတရား ၄-ပါး

၁။ မေတ္တာ=မေတ္တာတရား။

၂။ ကရုဏာ=ကရုဏာတရား။

၃။ မုဒိတာ=မုဒိတာတရား။

၄။ ဥပေက္ခာ=ဥပေက္ခာတရား။

[ဖြဟ္ဒဝိဟာရတရား ၄-ပါး၊ ဖြဟ္ဒစိုရ်တရား ၄-ပါးလည်းခေါ်၏။]

ဖြဟ္ဒဝိဟာရ တရား ၄-ပါးပြီး၏။

ဗောဓိ ၃-ပါး

၁။ သာဝကဗောဓိ။

၂။ ပစ္စေကဗောဓိ။

၃။ သမ္မာသမ္ဗောဓိ။

[သရဏာဂုံ ၃-ပါးမှစ၍ ဗောဓိ ၃-ပါးတိုင်အောင် ဤတရား တို့၌ သဒ္ဓါ, ပညာ ကောင်းစွာတည်အောင် ဆုံးမခြင်းသည်လည်း ကောင်းရာသွင်းထားမှု မည်၏။]

ဗောဓိ ၃-ပါး ပြီး၏။

ဘုရားဂုဏ်တော် ၉-ပါး

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ ဝိဇ္ဇာစရဏ-သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓါ ဘဂဝါ။

၁။ သော ဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ပြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူ ကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိ ဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသောကြောင့် လည်း။ အရဟံ၊ အရဟ မည်တော်မူပေ၏။

၂။ ဣတိပိ၊ ဤသို့လျှင် သစ္စာဥေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်း

ထင်ပေါ် သိမြင်တော် မူပေသောကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပေ၏။

၃။ ကံတိပိ၊ ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါးတည့်သုံးပါး, ရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာ ပြည့်စုံတော်မူပေသောကြောင့်လည်း။ ဝိဇ္ဇာစရဏာသမ္ပန္နော၊ ဝိဇ္ဇာစရဏာသမ္ပန္န မည်တော်မူပေ၏။

၄။ ကံတိပိ၊ ဤသို့လျှင် သသတဒိဋ္ဌ, ဥစ္ဆေဒဒိဋ္ဌ မကပ်ငြိဘဲ မစ္ဆိမပဋိပတ် ကောင်းမြတ် ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွေ့နှန်းပုံရိ ဘေးမဲ့ပြည်သို့ ကြွခဲ့ဆိုက်ရောက်ကော် မူပေသောကြောင့်လည်း။ သုဂတောဟု၊ သုဂတ မည်တော်မူပေ၏။

၅။ ကံတိပိ၊ ဤသို့လျှင် ကာမ, ရူပ, အရူပ-ဟူ လောကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေသောကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပေ၏။

၆။ ကံတိပိ၊ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏမာန်, ဗလမာန်, ကဒ္ဒိမာန်, ပညာမာန်တို့ဖြင့် မိုးစွန်းကြွားကြွား ငါတကား- ဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို

ဒေသနာသံ ဆိပ်အံငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေး အောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိ သောကြောင့် လည်း။ အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရော-ပုရိသဒမ္မသာရထိ မည်တော်မူပေ၏။

၇။ ကဲ့တိပိ၊ ဤသို့လျှင် လူ, နတ်, ဗြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝပ်တွားရိုပျောင်း ညွတ်ညောင်း ခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်ပေသော ကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝ-မနုဿာန မည်တော် မူပေ၏။

၈။ ကဲ့တိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ, နတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူပေသောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပေ၏။

၉။ ကဲ့တိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ခိုးပမူကြောင့် လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပေ၏။

တံ၊ ထို အရဟံ-အစ, ဘဂဝါ-အဆုံး ဘဝဂ်ချုန်းမျှ ဘုန်းတော်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ ၁ဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဘုရားဂုဏ်တော် ၉-ပါး ပြီး၏။

တရားဂုဏ်တော် ၆-ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်မြတ်ကို။ သွာက္ခာတော၊ အစ, အလယ်, အဆုံး-သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံစွာ ဟောကြားတော်မူအပ်ပေ၏။

၂။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခ၌ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့် လည်း ပြည့်စုံတော်မူပေ၏။

၃။ အကာလိကော၊ ကာလမရွေ့ ကျင့်သည့်နေ့ပင် ဒတွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူပေ၏။

၄။ ဧဟိပဿိကော၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲ ဖြစ်၍ လာပါ, ရှုပါ, ကျင့်ကြံပါဟု မပါ, ပါအောင် ခေါ်ဆောင် သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

၅။ ဩပနေယျိကော၊ မိမိကာယ အဖျစ်တွင်တွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

၆။ ဝိညူဟိ၊ ပညာရှိသူ ရှင်, လူ အပေါင်း သူတော်ကောင်းတို့ သည်။ ပစ္စတ္တံ၊ အသီးအသီးသော မိမိတို့ သန္တာန်၌။ ဝေဒိ-တဗ္ဗော၊ ချမ်းသာလေစွ, ကောင်းလေစွ ဟု ကာယ, စိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

တံ၊ ထို သွာက္ခာတ အစ, ဝေဒိတဗ္ဗော အဆုံး ဘဝဂ်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၆-ပါးနှင့် ပြည့်စုံသော တရားတော်မြတ်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

တရားဂုဏ်တော် ၆-ပါးပြီး၏။

သံယာ့ဂုဏ်တော် ၉-ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ
ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေ-
ယျော၊ ဒက္ခိဏေယျော၊- အဉ္ဇလိ ကရဏီယော၊ အနုတ္တရံ
ပုညက္ခေတ္တံ လောကဿ။

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊
သီလဝန်, ဂုဏ်ဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန်
အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး
တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိ
ပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ်
လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံ
တော်မူပေ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊
သီလဝန်, ဂုဏ်ဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန်

အရှင်မြတ် တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဥဇုပွဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ, သက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့် လည်းပြည့်စုံတော်မူပေ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုဂ္ဂိုလ် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ ဉာယပွဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာ သုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန် အရှင်မြတ် တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သာမီစိပွဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

ယဒိဒံ-ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် ၄-ပါးသော ယောက်ျားမြတ်အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။

ယဒိဒံ-ယေဣမေအဋ္ဌပုရိသပုဂ္ဂလာ၊ အကြင် ၈-ပါးသော ယောက်ျားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

၅။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ-ဧသော သာဝကသံဃော၊ ဤ ၄-စုံ-၈-ပါး တပည့်သား သံယာတော်မြတ် အပေါင်းသည်။ အာဟုနေယျော၊ အာဂန္တွအား ရည်၍ထားအပ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၆။ ပါဟုနေယျော၊ လက်ဆောင်အလို့ငှာ ယူ၍လာသော အလှူ ဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၇။ ဒက္ခိဏေယျော၊ နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ် မြတ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၈။ အဋ္ဌလိကရဏီယော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၉။ လောကဿ၊ လူအပေါင်း၏။အနုတ္တရံ အတုမရှိမြင့်မြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူပေ၏။

တံ၊ ထိုသုပ္ပဋိပန္နအစ, ပုညက္ခေတ္တ အဆုံး ဘဝဂ်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူပေသော သံဃာတော်မြတ်အပေါင်းကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဤဘုရားဂုဏ် ၉-ပါး, တရားဂုဏ် ၆-ပါး, သံဃာ့ဂုဏ် ၉-ပါးကို အဓိပ္ပါယ်နှင့်တကွ ရေလည်စွာမသိသောသူသည် ဘုရား, တရား, သံဃာကို ဉာဏ်နှင့်ကြည်ညိုတတ်သောသူ မဟုတ်၊ ထိုသူ၌ တိဟိတ်ကုသိုလ်မဖြစ်၊ ဒွိဟိတ်ကုသိုလ်သာ ဖြစ်၏။ ထိုကြောင့် ဗုဒ္ဓဘာသာလူမျိုးမှန်လျှင် ဤဂုဏ်တော် ၃-ပါးအနက်ကို နှုတ်တက်ကြေမွ တကယ်ရမှ သင့်မြတ်သတည်း။

[ဤဂုဏ်တော် ၃-ပါး ဘုရားရှိခိုးသည် သုတ္တန်ပိဋကတ်၌ မြတ်စွာဘုရား ကိုယ်တော်တိုင် အဖန်ဖန်ဟောတော်မူ၏၊ ရဟန္တာကြီးများလည်း အဖန်ဖန် ဟောတော်မူ၏၊ ဤဘုရား ရှိခိုးကြီးထက် ကြီးမြတ်သော ဘုရားရှိခိုး မရှိပြီ၊ နမောတဿ ပါဠ်၌, အနက် သရဏာဂုံ ၃-ပါး ပါဠ်၌, အနက်တို့နှင့် ရှိခိုးပြီးနောက် ဤဂုဏ်တော် ၃-ပါးပါဠ်အနက်တို့နှင့် ရှိခိုးလေ။]

သံဃာ့ဂုဏ်တော် ၉-ပါး ပြီး၏။

ယောက်ျားကလေးများ ဆုတောင်း

ဣမိနာပုညေန၊ ယခု အကျွန်ုပ်ပြုရသော ဤကောင်းမှု, ဤကုသိုလ်ကြောင့်။ ဒိဋ္ဌဓမ္မေ၊ ယခုဘဝ ပစ္ဆိမဘဝ၌။ ဒီဃာယုကော၊ အသက်ရှည်ခြင်းနှင့် ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အရောဂေါ၊ အနာခပ်သိမ်းတို့မှ ကင်းလွတ်ရသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အဝေရော၊ ရန်သူခပ်သိမ်းတို့မှ ကင်းလွတ်ရသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အနဝဇ္ဇော၊ အပြစ်မရှိကုန်သော။ ဌာနေသု၊ လောက ဓမ္မနှစ်ဌာနတို့၌။ စိန္တာသိဒ္ဓေါ၊ ကြံတိုင်းလည်းအောင် ဆောင်တိုင်း

လည်းမြောက် အဆုံးရောက်အောင် ထမြောက် ပြီးစီးနိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သမ္ပရာယေ၊ နောင်တမလွန်ဘဝ၌။ ဥစ္စကုလေသု၊ မြင့်မြတ်သော လူမျိုး မြင့်မြတ်သော နတ်မျိုးတို့၌။ တိဟေတုကော၊ တိဟိတ်ပဋိသန္ဓေ ဆက်တိုင်းနေ၍ ပညိန္ဒြေ အခြေကြီးမား ပညာအားနှင့်ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

မဟဒ္ဓနော၊ ကြီးမြတ်သော ဥစ္စာဓနဂုဏ်နှင့်ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

မဟိဒ္ဓိကော၊ ကြီးမြတ်သော တန်ခိုးတေဇာ အရှိန်အဝါနှင့် ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သဒ္ဓါသမ္ပန္နော၊ ထက်သန်သော သဒ္ဓါတရားနှင့်ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သုက္ကမမ္မော၊ မကောင်းမှုဒုစရိုက်တို့မှ ရှက်တတ်ခြင်း, ကြောက်တတ်ခြင်းဟူသော ဖြူစင်သောတရား ၂-ပါးနှင့် အခါ ခပ်သိမ်းပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဗဟုဿုတော၊ အတတ်ပညာ ဝိဇ္ဇာသိပ္ပ ဟူသမျှတို့၌ ကြားကာ, မြင်ကာ, ကြုံစည်ကာနှင့် လိမ္မာတတ်မြောက် ပေါက်ရောက်နိုင်ငြား အလွန်များသော ဗဟုသုတဂုဏ်နှင့် ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဒါနာဘိရတော၊ ပေးကမ်းလှူဒါန်းမှုဌ် အလွန်မွေလျော်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သီလာဘိရတော၊ သီတင်းသီလကျင့်သုံးမှုဌ် အလွန်မွေလျော်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဘာဝနာဘိရတော၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများမှုဌ် အလွန်မွေလျော်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အန္တိမဘဝေ၊ အဆုံးဘဝဌ်။ ဂုဏာဂဏာပရိဝါရံ၊ ပဋိသမ္ဘိဒါ, အဘိညာဉ်, စျာန် ဂုဏ်ပေါင်းရံအပ်သော။ အရဟတ္တံ၊ အရဟတ္တ မဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကို။ လဘာမိ၊ ရ-ရပါလို၏။

ယောကျ်ားကလေးများ ဆုတောင်း ပြီး၏။

မိန်းကလေးများ ဆုတောင်း

၁။ သုံးလူထွတ်ထား၊ မြတ်ဗာရာနှင့် ရှစ်ပါးသံယာ၊ ရတနာကို၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုည၊ မြတ်ဓမ္မလည်း၊ နိစ္စရွှင်ဖြိုး၊ နေ့စဉ်တိုးသည်. . . ၊ သက်ဇိုဝ်းကျွန်မ-ရှည်စေသော်။

၂။ ဘဝတဖန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊ ရှစ်သွယ် ရပ်ပြစ်၊ ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါထွန်းဝင်း၊ လင်းရာတမူ၊ လူကောင်း, နတ်ကောင်း၊ ဘဝကောင်း၌၊ ညွတ်ညောင်းသန္ဓေ၊ တိဟိတ်နေ၍၊ ဆွေလယ်မျိုးလယ်၊ တန်ခိုးကြွယ်သည်. . . ၊ လနှယ်ကျွန်မ ထွန်းစေသော်။

၃။ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါ, သီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊ သတင်းကျော်လျက်၊ သူတော်တို့ထုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊ စရိုက်စင်ဖြူ။ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊ မယုတ်ကြိုးစား၊ လေးပါး ဗြဟ္မစိုရ်၊ ရွှန်းရွှန်းစိုသည်. . . ! ကုသိုလ်ကိုယ် လုံး-ထုံစေသော်။

၄။ ပတ္တမြားပလွင်၊ ကုံကော်ပင်ဝယ်၊ ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုန်းလျှင်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူသခင် ၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည်. . . ၊ မင်၊ ဖိုလ် ကျွန်မ-ရောက်လိုသော်။

၅။ သုံးလူထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုးသို့ ကိုးပါးခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊

အကုန်ခြီးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူးဆွဆွ၊ ရှိခိုးရသား၊ ကျွန်မကုသိုလ်၊ အဖို့ကိုလျှင်၊ မွေးမိခင်နှင့်၊ ဘခင်, ဆရာ၊ ဉာတကာတာ၊ သတ္တဝါအများ၊ နတ်အများအား၊ ရငြားပါစေ၊ ကျွန်မပေသည်. . . ၊ ကောင်းထွေသာဓု-ခေါ်စေသော်။

[ဤတွင်ရွေ့ကား-"မကောင်းမြစ်တား ကောင်းရာသွင်းထား" ဟူသော စကား၌ ဗုဒ္ဓဘာသာလူမျိုးမှန်ခဲ့လျှင် ငယ်ရွယ် စဉ်ကပင် ကြေကြေမွမွ ရထိုက် သိထိုက်လှသော ဌာနစုကို ပြဆိုခန်းပြီး၏။]

မိန်းကလေးများ ဆုတောင်းပြီး၏။

သတိပြုရန်အချက်များ

ဆရာဝတ်၌ တပည့်တပန်းတို့အား အသက်ရှည်ကြောင်း, ဓနာကင်းကြောင်း, ဘေးရန်ကင်းကြောင်း အထူးကောင်းလှသာ လောကနည်းလမ်းနှင့် ဓမ္မနည်းလမ်းများကိုလည်း ဓသက်ထက်ဆုံး စွဲမြဲကြရန် သင်ကြားလိုက်နာရမည်ဟု ပါရှိ၏။ ဓန်မာလူမျိုးတို့၌ ပရိတ်ကြီးသင်ရိုး ရှိသည်လည်း ဤဝတ် ဓတွက်ပင်။

ယခုအခါသည် ရောဂါဥပဒ် များပြားလှသောအခါဖြစ်၍ ဤဝတ်ကို ဆရာဖြစ်သူတို့ အထူးအားထုတ်သင့်၏။ ။ပရိတ်ကြီး

တစ်စောင်လုံးဆိုလျှင် များလှ၍ မဆောင်နိုင်ရှိ၏၊ အထုံဖြစ်အောင် ဒနှစ်ဉ်စွဲမြဲ၍ ရွတ်နိုင်ပါလျှင် ရတနသုတ် တစ်ခုနှင့်လည်း ပြီးပါ၏၊ မေတ္တာသုတ်တစ်ခုနှင့်လည်း ပြီးပါ၏၊ ခန္ဓသုတ်တစ်ခုနှင့် လည်း ပြီးပါ၏၊ နေ့စဉ်အထုံဖြစ်၍ စွဲမြဲမှုရှိမှု အန္တရာယ်တွေ့. သောအခါ ရွတ်လျှင် တန်ခိုးထင်ရှားနိုင်သည်။ ။အန္တရာယ် ကြီးလျှင်, ကြီးလိုက်၊ အထပ်များစွာရွတ်။ ။နှုတ်နှင့်ရွတ်မှုထက် စာကို ကြည့်၍ ဖတ်မှုသည် သာ၍ကောင်း၏၊ မရသောသူတို့လည်း ဖတ်နိုင်ကြကုန်၏။ ရသောသူတို့လည်း အထူးပီပြင်စွာ ဖတ်ဆို နိုင်ကြကုန်၏။

ဝေဿာလီပြည်၌ ကပ် ၃-ပါးသင့်ရာ ရတနသုတ်ကြီးကို ညဉ့် ၃-ယံပတ်လုံး ရှင်အာနန္ဒာ ရွတ်ပေး၍ ပျောက်ငြိမ်း၏၊ ကပ် ဥပဒ်ကင်းငြိမ်းဖို့အတွက် သက်သက်ဟောတော်မူရသော သုတ်ကြီးပေတည်း၊ ထို့ကြောင့် မြို့ရွာ၌ ကပ်ဥပဒ်ဖြစ်ခဲ့သော် ဤသုတ်ကြီးကို ကမ္မဝါပြုလုပ်၍ လူရော, ရှင်ရော ဖတ်ရွတ်ရမည်။

မြို့ရွာအတွက် အများဖတ်ရွတ်ကြသောအခါ၌ တစ်ယောက်သောသူက စာကိုကိုင်၍ဖတ်ရမည်၊ ၂၀-ကျော်, ၃၀-မျှသော သူတို့က တစ်သံတည်းကျအောင် လိုက်ရမည်၊ တစ်ရွာလုံး, တစ်ရပ်လုံး နှံ့ဂလအောင် လမ်းလျှောက် မတ်တတ်သွား၍ ဖတ်

ရွတ်ကြရမည်။ ကပ်ဥပဒ် မငြိမ်းမခြင်း ညစဉ် ဖတ်၊ ကပ်ဥပဒ် ပျောက်ငြိမ်းမှ တန်၊ မိမိတို့အိမ်မှာလည်း နေဝင်လျှင် အိမ်ရှိလူကုန် တစ်အိမ်လုံး ဖတ်ရွတ်ကြလေ။

သုတ်ပါထေယျ၌လာသော အာဠာနာဋိယ သုတ်တော်ကြီး သည်လည်း ဘီလူး, သဘက်အန္တရာယ်ကင်းဖို့ ဟောထားသော သုတ်ကြီးပေတည်း၊ မဟာသမယသုတ်ကြီးသည်လည်း အန္တရာယ် ကင်း သက်သက်ပေတည်း။

သထုံပြည်၌ ဥပဒ်ဖြစ်ရာ ရဟန္တာ အရှင်သောဏမထေရ်, ဥတ္တရမထေရ်တို့ ငြဟ္မဏလသုတ်ကြီးကိုလည်းရွတ်၍ ပျောက် ငြိမ်းသည်-ဟု ကျမ်းဂန်၌ အထင်အရှားရှိ၏။

ဥပ္ပါတသန္တိသည်လည်း ကပ်ဥပဒ် ငြိမ်းဖို့သက်သက်ဖြစ်၍ ဇင်းမယ်နိုင်ငံ၌ ကပ်ဥပဒ်ကြီး ဆိုက် ရောက်ရာ ဥပ္ပါတသန္တိကို တစ်မြို့လုံး ရွတ်ဖတ်ကြ၍ ကပ်ဥပဒ် ကင်းငြိမ်း၏။

ပဌာန်းပါဠိတော်များသည်လည်း ကပ်ဥပဒ်ကို ငြိမ်းစေတတ် ၏၊ မြို့အတွက်, ရွာအတွက် ဖတ်ရွတ်ကြသောအခါ ရပ်စု, ကွက်စုပြု၍ မိန်းမ,ယောကျ်ားအသင်းဖွဲ့၍ ဖတ်၊ လူများလွန်းလျှင် အသံ မကွဲမပြား ရှိတတ်၏၊ အသံကွဲပြားမှ သာ၍ ကောင်းသည်၊ နှစ်ကျိပ်, နှစ်ကျိပ်ငါး, သုံးကျိပ်, သုံးကျိပ်ငါးအစု ဖွဲ့စည်း၍ဖတ်၊

အမြောက်သံ, သေနတ်သံ, စည်သံ, မောင်းသံ အချက် ပေး၍ တစ်မြို့လုံး, တစ်ရွာလုံး တပြိုင်တည်း ဖတ်၊ တော်ချိန်ကျ လျှင်လည်း အချက်ပေး၍ တစ်ပြိုင်တည်း ရပ်၊ ကပ်ဥပဒ် မငြိမ်း မခြင်း ညစဉ် ဖတ်၊ ကပ်ဥပဒ် ပျောက်ငြိမ်းမှ တန်။

ဖတ်မည်ပြုသောအခါ တစ်မြို့လုံး၊ တစ်ရွာလုံး လမ်းစဉ် တစ်လျှောက် တံမြက်လှည်း၊ လမ်းဆုံ, လမ်းခွတို့၌ ရေပြည့်အိုး တည်၊ နေဝင်လျှင် တစ်မြို့လုံးလင်းအောင် မီးထွန်း၊ ငါတို့ထုတ် ထားသော အန္တရာယ်ကင်း ပဗ္ဘာဇနီယကမ္မဝါစာအုပ်မှာ ပြဆို သော အစီအစဉ်တိုင်း လုပ်။

ငါတို့ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ကပ်ဥပဒ်ကြီးများကို ပျောက်ငြိမ်းစေတတ်သော သုတ္တန်ကြီး, သုတ္တန်ငယ်, ဂါထာကြီး, ဂါထာငယ်များစွာ လာရှိ၏၊ အရကျက်၍လည်း မထားနိုင်ကြ၊ နှုတ်နှင့်ရွတ်ရုံး ရှိနေသည့်အတွက် အရမကျက်နိုင်သော သုတ္တန် ကြီး,ငယ်စုသည် ကပ်ဥပဒ်ရှိနေသည့်အခါ အသုံးမပြုနိုင် ရှိနေကြ၏။ စာနှင့် ဖတ်မှုသည် ဘယ်ပါဠိတော်ကိုမဆို မိန်းမ, ယောကျ်ားအများ ဖတ်နိုင်၏။ နှုတ်နှင့်ရွတ်မှုထက်လည်း ပုဒ်-အက္ခရာ ပီပြင်စွာ ဆိုနိုင်သဖြင့် သာ၍ ကောင်းမြတ်၏။

ထိုကြောင့် ဗုဒ္ဓဘာသာနိုင်ငံ၌ အစောင့်အရှောက် ဖြစ်စေ ခြင်းငှာ ပြဆိုခဲ့ပြီးသော ပါဠိတော်ကြီးများကို ကျမ်းဂန်တို့မှ

ဆုတ်နုတ်၍ စာအုပ်ပြုလုပ်ကာ အိမ်တိုင်းမှာပင် အစဉ်ထာဝရ ဒိုးစေကြဖို့ ကောင်းလှ၏၊ ပညာရှိတို့ သတိပြုကြလေကုန်။

သတိပြုရန် အချက်များ ပြီး၏။

နေ့စဉ်အန္တရာယ်ကင်းရှင်းရန်ညွန်ကြားချက်

၁။ နမောတဿ-မဟာနမက္ကာရကြီးသည်လည်း ဘီလူး, သဘက် အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၂။ သရဏာဂုံ ၃-ပါးသည်လည်း၊ အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၃။ ကကုတိပိသော-ဂုဏ်တော်ကိုးပါးသည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၄။ သမ္မဒ္ဓေ-သည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၅။ သိရသို့ မေ ဗုဒ္ဓသေဋ္ဌော-ဟူသော ရတနာ ရွှေချိုင့်သည်လည်း အန္တရာယ်ကင်းဖို့ အထူးဖြစ်၏။

၆။ အောင်ခြင်း ၈-ပါးသည်လည်း အန္တရာယ်ကင်းဖို့ အထူးဖြစ်၏။

၇။ **အာဝေဏိက** ဂုဏ်တော် ၁၈-ပါးသည်လည်း အလွန်တန်ခိုးကြီးလှ၏။ ဓာရဏာပရိတ်လည်းခေါ်၏။ ဘီလူးသဘက်များကို အလွန်နှိုင်၏။

၈။ **ဆဒိသာပါလ** သုတ်သည်လည်း အန္တရာယ်ကင်း ရိုးရာကြီး ပေတည်း။

[ဤသို့လျှင် ဗုဒ္ဓဘာသာ၌ ကပ်,ဥပဒ် အန္တရာယ်လွတ်ကင်းရန် ပရိတ်တော်,ဂုဏ်တော် အလွန်ပေါများ၏၊ အိပ်ယာဝင်၌ အထပ်များစွာ နေ့စဉ် ရွတ်အံစွဲမြဲ၍ ထားကြပါမူ ကြာလေလေ တန်ခိုးရှိလေလေဖြစ်၏။]

နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက် ပြီး၏။

ပရိတ်ရွတ်နည်း

ပရိတ်တော်, ဂုဏ်တော်များကို ရွတ်ဖတ်ကြရာ၌ ကုသိုလ်ဖြစ် ရွတ်ဖတ်ကြသောအခါ သဒ္ဓါစိတ်နှင့် ဖြည်းညင်းသာယာနာချင်ဖွယ်ရှိအောင် ရွတ်ဖတ်ရသည်၊ အန္တရာယ်ကင်းကိစ္စနှင့် ရွတ်ဖတ်ကြသောအခါ မာန်စိတ်နှင့် အသံထန်စွာ ရွတ်ဖတ်ရသည်၊ အန္တရာယ်ကြီးလျှင် ကြီးလိုက် အခေါက်များစွာ အာသံ, လျှာသံ အပြင်းအထန်ပေး၍ ရွတ်ဖတ်ရသည်။

ပရိတ်ရွတ်နည်း ပြီး၏။

နိဂုံး

ဤတွင် ရွှေ့ကား- အသက် ၂၀ အတွင်း၌ တည်ရှိကြကုန်သ ဗုဒ္ဓဘာသာ အမျိုးသား သူငယ်များတို့၏ အကျိုးငှာ ကောင်းစွာစီရင်အပ်သော သုကုမာရမဂ္ဂဒီပနီကျမ်းသည် အပြီးရောက်၏။ မြတ်စွာဘုရား၏ တပည့်သား ပီကြသူ ဗောဓိလျှာ, ကဓိလောင်း, သူငယ်ကောင်း, သူငယ်မြတ်တို့၏ တတ်သိလိမ္မာလမ်းကြောင်းအစဉ်ကို ပြဆိုရာကျမ်းဖြစ်၍ သုကုမာရမဂ္ဂ-ဒီပနီကျမ်း ခေါ်သည်။

[ဤကျမ်းကို တတ်မြောက်ပြီးသည့်နောက် သဒ္ဒါ, သဒ္ဒိုဟ်များကို အလွယ်တကူ တတ်လိုသူတို့သည် ငါတို့စီရင်သော သဒ္ဒသံခိပ်ကျမ်း, ပရမတ္ထသံခိပ်ကျမ်းများကို သင်ကြားကြလေကုန်။]

နိဂုံးပြီး၏။

သုကုမာရမဂ္ဂ ဒီပနီကျမ်းပြီး၏။

ခုနစ်နေ့ ဘုရားရှိခိုးနှင့် ဆုတောင်းအမျှဝေ

ကြာသပတေးနေ့ ပဋိသန္ဓေယူ

၁။ သုံးလူရှင်ပင်၊ ကျွန်ထိပ်တင်၊ သောင်းခွင် စကြဝဠာ၊ နတ်, ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်း နေ့ဝယ်၊ ချမ်းမြေ ကြည်ဖြူ။ သန္ဓေယူသည်။ ။နတ်လူ ငြိမ်းဖို့ ကိန်းပါကို။

သောကြာနေ့ ဖွားမြင်

၂။ သန္ဓေယူကာ၊ ဆယ်လကြာသော်။ မဟာ သက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေစုံစီ၊ လုမိုနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်။ ။ နတ်လူအောင်မြို့ လမ်းပါကို။

တနလ်ာနေ့ တောထွက်

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း။ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွှယ်မူနုဖြူး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြူ။ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရကုံ၊ တောရပ်လှုံသည်။ ။စုံမြိုင်ပင်ရိပ်ခန်းမှာကို။

ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်

၄။ တောရပ်မြို့ငပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်။ မငြီးကြည်ဖြူ။ နေတော်မူလျက်၊ ရန်မြူ ခပင်း၊ အမိုက်သင်းကို၊ အလျင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်။ ။သုံးဖော်လူတို့ ငြိမ်းပါကို။

စနေနေ့ ဓမ္မစကြာဟော

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ်ို၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လှုတ်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်။ တရားနတ်စည်ရွှမ်းတယ်ကို။

အင်္ဂါနေ့ ပရိနိဗ္ဗာန်စံ

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသို့က်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကာရှစ်ဆယ်၊ စုံပြည့်

ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်၀ယ်၊ နယ်မလွှာတိုင်း၊ စံနှိုင်းမယုတ်၊ ကုဿိန္နာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၀ယ်၊ ချမ်းမြေနိဗ္ဗု။ စံတော်မူသည်။ ။၀ုန်းဆူသောင်းလုံး ကျော်တယ်ကို။

တနင်္္ဂနွေနေ့၊ တေဇောဓာတ်လောင်

၇။ နိဗ္ဗုစံပြီ၊ ရှုမအီသား၊ သိဒ္ဓိရွှေလှော်၊ အလောင်းတော်ကို၊ ထိုရောက်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့၀ယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်။ ။ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

ဆုတောင်း

၈။ ထိုခုနစ်နေ့၊ သာချမ်းမြေကို၊ ဆွေ့ဆွေ့ကြည်ဖြူ။ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်။ ။ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

အဆုံးဘ၀၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိဓမ္မာနှင့်၊ ကြည်ညာကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်။ ။ နိဗ္ဗာန်အောင်မြို့ ရောက်စေသော်။

ပ.မ.သ.စ ၃၅/၁.(၉).၂၀၁၆ (၃၀၀၀၀)အုပ်၊ ဝစ်သို့၊

J